# မြန်မာနိုင်ငံအတွင်း
# အာဏာသိမ်းမှုအလွန် ဗန္ဓာတ်
# (ထွေးရောယှက်တင်) အုပ်ချုပ်ရေးအပေါ် ရှုမြင်ခြင်း
# အပိုင်း (၂)

## တော်လှန်နယ်မြေသစ်များနှင့် ဆင့်ကဲပြောင်းလဲလာသည့် တော်လှန်နယ်မြေများရှိ လူမှုစီးပွားဘဝနှင့် ကြပ်မတ်ထိန်းညှိခြင်းဆိုင်ရာ စည်းမျဉ်းများအပေါ် ထိုးထွင်းရှုမြင်ချက်များ

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

ဤစာမျက်နှာအား သီးသန့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာ အနှစ်ချုပ်................................................................................................ ၁
နိဒါန်း........................................................................................................................ ၃
အပိုင်း (၁) ဆင့်ကဲဖြစ်ထွန်းလာသော အသက်မွေးကျောင်းမှုများနှင့် ထွန်းသစ်စ လောကခံ ရင်ဆိုင်ရေး နည်းလမ်းများ။ အာဏာသိမ်းမှုအပြီး အသက်မွေးဝမ်းကျောင်း ဖျက်ဆီးခံရမှုများ........................................................................................ ၅
စီးပွါးဖြစ်သီးနှံစိုက်ပျိုးမှု ကျဆင်းသွားခြင်းနှင့် ပြောင်းလဲသွားသော လုပ်သားအလေ့....... ၉
အပိုင်း (၂) အပြန်အလှန်အမှီသဟဲပြုခြင်းနှင့် ရင်းမြစ်ရှာဖွေခြင်း........................................... ၁၁
လူမှုကူညီရေးအဖွဲ့များသို့ အလွတ်သဘောထည့်ဝင်လှူဒါန်းမှုများ................................ ၁၂
နေရပ်စွန့်ခွာသူများကို အကူအညီပေးခြင်း................................................................ ၁၅
အပိုင်း (၃) ဒေသတွင်းစီးပွါးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ အခွန်ကောက်ခံခြင်းနှင့် တော်လှန်ရေးအင်အားစုများ........................................................................ ၁၇
ရခိုင်ပြည်နယ်................................................................................................ ၁၈
စစ်ကိုင်းတိုင်း................................................................................................ ၂၁
ချင်းပြည်နယ်................................................................................................ ၂၅
အပိုင်း (၄) အနာဂတ်အလားအလာနှင့် နိဂုံး......................................................................... ၂၇

# အစီရင်ခံစာ အနှစ်ချုပ်

- မြန်မာနိုင်ငံတွင် ထွေးရောယှက်တင် အုပ်ချုပ်မှု (မိသဿကအုပ်ချုပ်မှု) ပုံစံသို့ ပြောင်းလဲလာမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် ကြီးမားသည့် အပြောင်းအလဲတစ်ရပ်မှာ သန်းနှင့်ချီသော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုပင်ဖြစ်သည်။ အထူးသဖြင့် ယင်းပြည်သူများသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြပြီး စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့အပြင် နစကမှ ၂၀၂၂ ခုနှစ်အတွင်း နယ်မြေ ပြန်လည်စိုးမိုးရန် ကြိုးပမ်းနေသည့် ရခိုင်ပြည်နယ်မှ ပြည်သူများပင်ဖြစ်သည်။

- နစက လုံခြုံရေးတပ်ဖွဲ့များသည် ၂၀၂၁ ခုနှစ် နှစ်လည်လောက်မှစ၍ ၎င်းတို့ထိန်းချုပ်ရာမြို့များ၏ မြို့ဝင်၊ မြို့ထွက်များတွင် စစ်ဆေးရေးဂိတ်များ စတင်ဖွင့်လှစ်လာပြီး ကုန်စည်အားလုံးကို အခွန်ကောက်ခံလာသည်။ ခုခံတွန်းလှန်တပ်ဖွဲ့များအား ပြည်သူ့ထောက်ခံမှု လျော့ပါးလာစေရေး ရည်ရွယ်လျက် နစက တပ်ဖွဲ့များသည် ကျေးရွာများ၊ လူနေအိမ်များ၊ ဈေးများနှင့် အခြားသော အရပ်သားအဆောက်အဦများကို မီးရှို့ခြင်းနှင့် လက်နက်ကြီးနှင့် ပစ်ခတ်ခြင်းများကို အရှိန်မြှင့်လုပ်ဆောင်လာသည်။

- သေရေးရှင်ရေးတမျှဖြစ်ပေါ်လာသော လူမှုဘဝမလုံခြုံမှုနှင့် စားနပ်ရိက္ခာမဖူလုံလာမှုအပေါ် မူတည်၍ ဈေးကွက်ဝင် စီးပွားဖြစ်သီးနှံစိုက်ပျိုးရေးမှသည် ကုန်ကုန်ချင်း၊ လုပ်အား လုပ်အားချင်း တိုက်ရိုက်ဖလှယ်သည့် ဝမ်းဝရုံသာလုပ်ကိုင်သည့် စီးပွားရေးပုံသဏ္ဍာန်သို့ အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ ရာသီအလိုက် လုပ်သားများ၏ ခလေ့မှာလည်း ပြောင်းလဲခဲ့သည်။ ကျေးရွာများတွင် လူစိမ်းများကို သံသယထားလာမှုကြောင့် မြေယာမဲ့၊ မြေယာမဲ့ မိသားစုများမှာ ၎င်းတို့မှီတင်းရာ မြို့အတွင်းတွင်ပင် ရွှေ့ပြောင်းသွားလာနိုင်မှု နည်းလာသည်။ ထိုအချက်ကြောင့်ပင်လျှင် လူအများအပြားကို ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတွင်းများကဲ့သို့သော ရပ်ဝေးမြေခြား အန္တရာယ်ပိုများသော အလုပ်များကို လုပ်ကိုင်လာရစေပါသည်။

- ကျေးရွာနှင့် အနီးဝန်းကျင်မှ လူမှုကူညီရေးအသင်းများသည်လည်း အာဏာသိမ်းမှု မတိုင်ခင် ၎င်းတို့၏ အခန်းကဏ္ဍများဖြစ်သည့် လူနာတင်ယာဉ်၊ နာရေးဝန်ဆောင်မှုနှင့် အခြားလူမှု လုပ်ငန်းများမှသည် လိုအပ်သောအရင်းအမြစ် (ငွေကြေး)များ ရှာဖွေစုဆောင်းခြင်း၊ အစားအစာနှင့် ရေ ဖူလုံရေး၊ စာသင်ကျောင်းများကို အကူအညီပေးရေး နှင့် အိုးပစ်အိမ်ပစ် ပြေးရသူများအား ထောက်ပံ့ကူညီရေးတို့အထိ လုပ်ဆောင်လာကြရသည်။

- နစကတပ်များအား တွန်းလှန်ရှန်းကန်နေမှုအတွင်းရှိ တော်လှန်ရေး၊ လူမှုကူညီရေးစနစ်ကို ထောက်မပံ့ပိုးပေးသည့် အရေးပါသော ဓလေ့တရပ်မှာ ဒေသတွင်း အပြန်အလှန်ဖေးမကူညီမှု ဓလေ့ပင်ဖြစ်ပြီး ယင်းဓလေ့ကို ကျေးရွာအဆင့် လူမှုကူညီရေးအသင်းများက အဓိကကြားခံဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအစုအဖွဲ့များသည် မြို့နယ်များအကြား ပူးပေါင်းညှိနှိုင်းမှုများကို ခုခံတော်လှန်ရေးတပ်ဖွဲ့များ၏ အကူအပံ့ဖြင့် ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ထိုဆောင်ရွက်မှုများမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် ဒေသရေမြေနှင့် ကိုက်ညီသော သီးနှံများကိုရွေးချယ်သတ်မှတ်ခြင်း နှင့် မျိုးစေ့ဖလှယ်ခြင်းတို့ ပါဝင်ပါသည်။ မျိုးစေ့ဖလှယ်ရာတွင် အခြားပြည်နယ်/တိုင်းများနှင့်ပါ ဖလှယ်ခြင်းကိုလည်း ဆောင်ရွက်ပါသည်။

- ဒေသခံ လူမှုကူညီရေးဆောင်ရွက်သူများသည် ပြင်ပအထောက်အပံ့ကို အနည်းငယ်သာရပြီး အများအားဖြင့် ဒေသတွင်း စုဆောင်းရရှိသည့် ငွေကြေး/ရင်းမြစ်နှင့် နိုင်ငံရပ်ခြား သို့မဟုတ် မြို့ကြီးပြကြီးများတွင် အခြေချနေထိုင်သည့် ဒေသခံများ၏ လွှဲပို့ငွေများကိုသာ မှီခိုနေရသည်။

- (ဒေသအသီးသီးရှိ) စီမံအုပ်ချုပ်ရေးကို ဆောင်ရွက်နေရသူများအကြားတွင် အခွန်ဘဏ္ဍာကောက်ခံမှု ပုံသဏ္ဍာန်သည် အခြေအနေပေါ်မူတည်ပြီး ကွဲပြားမှုရှိသော်လည်း အဓိကအားဖြင့် တန်ဖိုးမြင့်

ပစ္စည်းများနှင့် လုပ်ငန်းများကိုသာ အလေးထားကောက်ခံကြသည်။ ယင်းတို့မှာ သစ်လုံးများအပေါ် အခွန်စည်းကြပ်ခြင်း သို့မဟုတ် သိမ်းယူခြင်း၊ ငါးလုပ်ငန်းနှင့် ယမကာလုပ်ငန်း လိုင်စင်ချပေးခြင်း နှင့် စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများအပေါ် ဒဏ်ရိုက်ခြင်းတို့ပါဝင်သည်။ ရခိုင်ပြည်နယ်ရှိ သဒ္ဒါ သလောက် ထည့်ဝင်နိုင်သည့် ရက္ခိုင် အမျိုးသားအဖွဲ့ချုပ် မျိုးချစ်ရန်ပုံငွေမှလွဲလျှင် မည်သည့် တော်လှန်ရေးတပ်ဖွဲ့မျှ သာမာန် အိမ်ထောင်စုများအပေါ် အခွန်စည်းကြပ်ခြင်းမပြုသည်ကိုတွေ့ရသည်။

- အချို့အခြေအနေများတွင် အခွန်ဘဏ္ဍာငွေကို မျှဝေသုံးစွဲသည့် ပုံစံများ ပေါ်ထွက်လာသည်ကိုတွေ့ရပြီး ဒေသခံတော်လှန်ရေးတပ်ဖွဲ့များမှ အခွန်စည်းကြပ်ခြင်း သို့ဟုတ် ဒဏ်တပ်ခြင်းတို့ကို ဆောင်ရွက်ကာ ရရှိသည့် အခွန်ဘဏ္ဍာကို NUG နှင့် ဒေသတွင်း လူမှုကူညီရေးလုပ်ငန်းများအကြား ခွဲဝေသုံးစွဲကြသည်။ ရခိုင်ပြည်နယ်ရှိ မြို့ပြဒေသအချို့တွင် စည်ပင်ခွန်မှရရှိသည့် ဘဏ္ဍာငွေကို နှစ်ဦးနှစ်ဖက် ခွဲဝေယူကြ ရန် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် အုပ်ချုပ်ရေးမှူးများနှင့် နစက စည်ပင်သာယာရေး အရာရှိများအကြား သဘောတူညီမှုယူထားကြသည်။
- အခွန်ကောက်ခံသူ ကိုယ်စားလှယ်များအနေဖြင့်လည်း အခွန်ကောက်ခံရန် လိုအပ်ချက်နှင့် ရင်းမြစ် ရှားပါးမှု တိုးသထက်တိုးလာသည့် ရပ်ရွာများ၏ ပကတိအခြေအနေအကြား အထူးထိန်းညှိ ဆောင်ရွက် နေရသည်။ ဗဟိုချုပ်ကိုင်မှုကဲသည့် အုပ်ချုပ်ရေးယန္တရားကို ထောက်ပံ့နိုင်ရေးအတွက် အခွန်ကောက် ခံမည့် NUG ၏ ကြိုးပမ်းမှုများအနေဖြင့်လည်း ပကတိ အရှိတရားဖြစ်သော ဒေသအလိုက် ရန်ပုံငွေ စုဆောင်းရပ်တည်နေရသည့် တော်လှန်ရေး လူမှုအခြေအနေကို သတိကြီးကြီးထား၍ ဆောင်ရွက်ရပါ မည်။
- ဒေသခံ လူမှုကူညီရေးဆောင်ရွက်သူများနှင့် ဆက်နွယ်ဆောင်ရွက်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာ မှ (လိုအပ်သည့်) ရင်းမြစ်နှင့် လေ့ကျင့်သင်ကြားပေးမှု နှစ်ရပ်အနေဖြင့် တိုးမြှင့်လုပ်ဆောင်ရန် ဖြစ်ပြီး မိတ်ဖက်အဖြစ်ရှိပြီးသော တိုင်းရင်းသား လူမှုဝန်ဆောင်မှုအဖွဲ့များမှတဆင့် ဆောင်ရွက်လျှင် ဖြစ်နိုင်ခြေ အလားအလာရှိပါသည်။
- ဆန်းစစ်လေ့လာထားသည့် ဒေသများတွင် အာဏာသိမ်းစဉ်ကတည်းကစ၍ အမြစ်တွယ်လာခဲ့သည့် အတွေးအခေါ်နှင့် အလေ့အထများက မီးမောင်းထိုးပြနေသည့်အရာမှာ ဒေသအလိုက် ကွဲပြားခြားနားစွာ ဖြစ်ထွန်းတိုးတက်လာသည့် စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ နည်းအသွယ်သွယ်ပင်ဖြစ်သည်။ ယင်း ဖြစ်ထွန်းတိုးတက်မှုများသည် မျှော်မှန်းနိုင်သည့် အနာဂတ်ကာလတွင် ပျောက်ကွယ်သွားရန် မဖြစ်နိုင် ပေ။ ၎င်းဖြစ်ထွန်းတိုးတက်မှုများသည် အာဏာရှင်အလွန် အနာဂတ်တွင် ဖြစ်ထွန်းလာနိုင်သည့် ဖက် ဒရယ် သဘောသဘာဝအပေါ် သက်ရောက်မှုများရှိနိုင်ပါသည်။ မည်သို့သက်ရောက်မည်နည်းဆိုလျှင် အာဏာသိမ်းမှု နောက်ပိုင်းတွင် အလိုအလျောက်ပေါ်ထွန်းလာသည့် ဒေသဆိုင်ရာ လူမှုအခြေအနေ စံနမူနာများကို အုပ်ချုပ်မှုဆိုင်ရာပုံစံများက ပေါင်းစပ်ပေးနိုင်မည့် အတိုင်းအဆ ပမာဏအပေါ်ကို သက်ရောက်နိုင်ပါမည်။

# နိဒါန်း

ဤစာတမ်းသည် မြန်မာ့အာဏာသိမ်းမှုနောက်ပိုင်း တရိပ်ရိပ်ကျယ်ပြန့်လာသည့် တော်လှန်ရေး ဒေသများရှိ ကျေးလက်ဘဝနှင့် နိုင်ငံရေးဖြစ်စဉ်များကို အကဲဖြတ်ထားခြင်းဖြစ်ပါသည်။ ပဋိပက္ခဖြစ်ပွားနေသည့် အခြေအနေတွင် လူမှုကူညီရေး အထောက်အပံ့ ပေးခြင်းနှင့် လိုအပ်သည့် ရင်းမြစ်များရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာတို့ကို အစီရင်ခံစာက စူးစိုက်လေ့လာထားပါသည်။ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့ရှိ အာဏာသိမ်းမှုနောက်ပိုင်း သွင်ပြင်လက္ခဏာ တို့ကို ဆန်းစစ်ရာတွင် ဤစာတမ်းသည် သုတေသနပြုချက်  နှစ်ရပ်မှရရှိသော ပညာရပ်ဆိုင်ရာ သဘောတရား နှင့် အယူအဆများကို ပုံဖော်ပြုစုထားပါသည်။

ပထမအချက်မှာ ရှားပါးမှုနှင့် မလုံခြုံမှုတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အိမ်ထောင်စုအချင်းချင်းအကြား လိုအပ်သောရင်းမြစ်များ စုဆောင်းရာ၌ ကျေးရွာတွင်း သို့မဟုတ် ဝန်းကျင်ဒေသမှ အပြန်အလှန်ဖေးမကူညီမှုနှင့် တာဝန်သိတတ်မှုရှိသော စံနှင့်ဓလေ့များက မည်သို့မည်ပုံ ထောက်ကူပေးသည်ကို အာရုံထား လေ့လာထားပါသည်။ မြန်မာ့ကျေးလက်ဒေသများကို သုတေသနပြုလေ့လာမှုမှ မီးမောင်းထိုးပြနေသသည်မှာ အိမ်ထောင်စုများနှင့် ကျေးရွာများအကြား တည်ရှိနေသော စိတ်ပိုင်းနှင့်ရုပ်ပိုင်း အပြန်အလှန်ဖေးမကူညီမှု အလေ့က ဆယ်စုနှစ်ချီကြာ ယိုင်နဲ့နဲ့ဖြစ်နေသော ကျေးလက်ဒေသ၏ ကြံ့ကြံ့ခံနိုင်မှုကို အထောက်အပံ့ပြုနေခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် ကိုလိုနီခေတ်နှင့် လွတ်လပ်ပြီးခေတ်တို့တွင် လယ်ရှင်/မြေရှင်နှင့် လယ်သမားတို့အကြား ဖြစ်တည်နေသည့် အတုံ့အလှယ် ဝတ္တရားမပျက်နေထိုင်မှု ဓလေ့က သီးနှံပျက်စီးဆုံးရှုံးသည့် အခါများတွင် ကြွေးတင်နေသည့်လယ်သမားများ ၎င်းတို့၏လယ်ယာမြေများ ဆုံးရှုံးရမည့် အခြေအနေကို လျော့ပါးသက်သာစေပါသည်။ ကျေးလက်နေသူများကြား နှောင်ဖွဲ့မှုသည် လတ်တလော စားနပ်ရိက္ခာဖူလုံမှုကို အတိုင်းအတာတခုထိ ပြေလည်မှုရစေသည်။ အကြောင်းမှာ ရာသီတခုတွင် သီးနှံအောင်သူများက အခြားသူများကို စားရေရိက္ခာထောက်ပံ့ရန်တာဝန် ရှိနေ၍ဖြစ်သည်။ အနာဂတ်တွင် မိမိတို့ သီးနှံမအောင်သည့် အခါ အခြားသူများက ပြန်လှန်ဖေးမလိမ့်မည်ဟူသော ယူဆချက်ဖြင့် ထိုတာဝန်ကို ယူခြင်းဖြစ်ပေသည်။[၁] အရပ်သားတပိုင်းအစိုးရ၏ မကြာသေးသော ဆယ်စုနှစ်ကာလအတွင်းတွင် အပြန်အလှန်အမှီသဟဲ ပြုမှုအလေ့အထများသည် ကျေးရွာလူမှုရေးအသင်းအဖွဲ့များပုံစံဖြင့် တရားဝင်ပေါ်ပေါက်လာခဲ့ ပြီး ယင်းအဖွဲ့များအတွက်ရန်ပုံငွေတစိတ်တပိုင်းကို နိုင်ငံတကာနှင့် မြို့ကြီးများတွင်ရောက်ရှိနေသူ များ၏ လွှဲပို့ငွေများမှရရှိကြသည်။ ၁၉၉၀ နှင့် ၂၀၁၀ ပြည့်လွန်ကာလရှိ အစိုးရ၏လူမှု(ဝန်ဆောင်မှု)အသုံးစရိတ်လျှော့ချမှုနှင့် ဈေးကွက်စနစ်ပြုပြင်ပြောင်းလဲရေးကြောင့် ပေါ်ပေါက်လာသော မမျှတမှု များကို ကူညီဖြေရှင်းရန် အတွက် ယင်းလူမှုအသင်းအဖွဲ့များသည် ကျေးလက်နှင့်မြို့ပြဒေသများတွင် အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။[၂] လိုအပ်သည့် ရင်းမြစ်များကို စုဆောင်းခြင်း ပြန်လည်မျှဝေခြင်းများကို ဖြစ်ပေါ်စေသည့် အဆိုပါ အလေ့အထများနှင့် ကွန်ယက်များသည် ဒေသအများရှိ ကြံ့ကြံ့ခံနိုင်မှုကို အဓိကအထောက်အကူပြုနေပြီး ယင်းဒေသများတွင် နစက၏ လူမှုဝန်ဆောင်မှုများနှင့် အုပ်ချုပ်ရေးကို စစ်ကောင်စီအုပ်ချုပ်မှုကိုဆန့်ကျင်နေသည့် တော်လှန်ရေးလူမှုအစီအမံတစ်ရပ်ဖြင့် အစားထိုးထားလေသည်။

စာတွေ့အားဖြင့်ဆက်စပ်နေသာဒုတိယအချက်မှာ လူမှုရေးဆိုင်ရာနှီးနွှယ်ပတ်သက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်း အထောက်အပံ့နှင့် လောကဝတ်ဓလေ့များသည် ပြန့်ပွားလာသည့် နစကတော်လှန်ရေး ပြောက်ကျားစစ်ကို အထောက်အကူပြုနေသည်ဟူသောအချက်ဖြစ်သည်။ အာဏာသိမ်းမှုမတိုင်ခင်က မြန်မာ့သုတေသနသမား

၁ Scott, J. 'Moral Economy of the Peasant: Rebellion and Subsistence in Southeast Asia'. Yale University Press, New Haven.ကို ရှုပါ

၂ For more recent analysis of reciprocity practices and welfare organisations as they evolved during the decade of partial civilian rule see Griffiths, M. 2019. 'Community Welfare Organisations in Rural Myanmar: Precarity and Parahita'. Routledge and McCarthy, G. 2023. 'Outsourcing the Polity: Non-State Welfare, Inequality and Resistance in Myanmar'. Cornell University Press.

များလေ့လာဆန်းစစ်ခဲ့သည်မှာ တစ်နိုင်ငံလုံးအဆင့်လက်နက်ကိုင်တော်လှန်ရေး၏ အလားအလာနှင့် ရှင်သန်ရပ်တည်နိုင်မှုသည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ၎င်းတို့ အခြေချရာဒေသခံများကြား အပြန်အလှန်အမှီသဟဲပြု ဆက်စပ်မှုအပေါ်မည်သို့မည်ပုံအခြေတည်နေကြောင်းကိုလေ့လာခဲ့ကြသည်။ တော်လှန်ဆန့်ကျင်နေသည့် အောက်ခြေအဆင့်သာမန်ပြည်သူများအကြားရှိ မရေရာမသေချာမှုများကို ရင်ဆိုင်ဖြတ်သန်းမှု၊ ယင်းမရေရာမှုများကိုင်တွယ်ဖြေရှင်းမှုနှင့် သဘောတရားရေးရာအရ ကျိုးကြောင်းဆီလျော်စွာအဲဖြတ်နိုင်မှု အလေ့အထများသည် အင်အားသာလွန်လှသော မြန်မာစစ်တပ်ကို တော်လှန်နေသည့် လက်နက်ကိုင်အဖွဲ့များ၏ အသက်ပျင်းသော စိန်ခေါ်နိုင်မှု၏ အခြေခံအကြောင်းတရားပင်ဖြစ်သည်။ (ဥပမာ- အိမ်ထောင်စုအလိုက်၊ ကျေးရွာအလိုက် ထောက်ပံ့မှုများသည် လက်နက်ကိုင်ပြောက်ကျားတော်လှန်ရေးအတွက် အရေးပါလှသည်)[၃]

အခြေခံပြည်သူများ၏လက်နက်ကိုင်တိုက်ပွဲနှင့် အပြန်အလှန်အမှီသဟဲပြုမှု သဘောတရားများအရ ဤစာတမ်း၏ အပိုင်း(၁) တွင် အာဏာသိမ်းမှုအလွန် တော်လှန်ရေးနှင့် ထွေးရောယှက်တင် (မိဿက) အုပ်ချုပ်ရေးတို့ကိုလေ့လာမှုပြုထားပါသည်။ ဤစာတမ်းသည် အစိုးရမဟုတ်သည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်(အင်အားစု)အများကိုလေ့လာမှုပြုထားပြီးယင်းပုဂ္ဂိုလ်များသည် တော်လှန်ရေးအင်အားစု(ပုဂ္ဂိုလ်)များနှင့် ပေါင်းစည်းဆောင်ရွက်လေ့ရှိကြပြီး၊ ယင်းအုပ်ချုပ်ရေးအင်အားစုများသည် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများအပါအဝင် တရားရေး၊ တရားမျှတမှုနှင့် ပြဿနာဖြေရှင်းရေးတို့ကဲ့သို့သော အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ဤဒုတိယမြောက်စာတမ်းသည် ဆက်စပ်လျက်ရှိသည့်အကြောင်းချင်းရာ နှစ်ရပ်ကို လေ့လာထားပါသည်။ မြန်မာနိုင်ငံရှိ တဆင့်ပြီးတဆင့် အသစ်အသစ်ပေါ်ပေါက်လာသော တော်လှန် ဆန့်ကျင်ရာဒေသရှိကျေးလက်များရှိ အသက်မွေးဝမ်းကျောင်းမှုနှင့် လောကခံကိုကျော်ဖြတ်နိုင်မှု နည်းလမ်းများ အပေါ် အာဏာသိမ်းမှုနှင့် ယင်း၏ဆိုးကျိုးများက မည်သို့မည်ပုံသက်ရောက်မှုရှိသည်ကို အပိုင်း(၁)တွင် လေ့လာထားပါသည်။ အပိုင်း(၂)တွင် နေရပ်စွန့်ခွါပြည်သူများ၏ နေရေးထိုင်ရေး၊ မရှိမဖြစ်လူမှုဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနေသည့် ကျေးလက် လူမှုအင်အားစု(ပုဂ္ဂိုလ်)များ၏ အခန်းကဏ္ဍအသီးသီးကို လေ့လာထားသည်။ အပိုင်း(၃)တွင် တော်လှန်ရေးတပ်ဖွဲ့များနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်များက လိုအပ်သောရင်းမြစ်များရရှိရေး မည်သို့မည်ပုံကြိုးပမ်းနေကြသည်ကို လေ့လာထားပြီး၊ ယင်းကြိုးပမ်းမှုများတွင် အခွန်စည်းကြပ်ခြင်း၊ စစ်ရေးကာလဒေသတွင်း လူမှုဘဝတည်ငြိမ်ရေးအထောက်အပံ့ပေးနိုင်ရေး၊ မြို့နယ်နှင့် အောက်ခြေအဆင့် ရှုန်းကန်လှုပ်ရှားမှု များအားမလျော့စေရေး ကြိုးပမ်းမှုများပါဝင်သည်။ အပိုင်း(၄)တွင် နိုင်ငံတကာနှင့်ပြည်တွင်း အင်အားစုများဖြင့် ထိတွေ့ဆောင်ရွက်ရာမှဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ဆွေးနွေးလျက် နိဂုံးချုပ်ထားပါသည်။

ပထမစာတမ်းတွင် ဖော်ပြခဲ့သော စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ခုခံတော်လှန်ရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စုစည်းဆန်းစစ်ချက်ကို အခြေခံထားလျက်၊ ဤစာတမ်းသည် နစကနှင့် ဆက်စပ်ပတ်သက်မှုမရှိသည့် အစုအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းမှု ၄၀ ကျော်အားဖြင့် သတင်းအချက်အလက်ရရှိပြီး၊ တဆင့်ပြီးတဆင့် အသစ်အသစ်ပေါ်ပေါက်လာသော တော်လှန် ဆန့်ကျင်ရာဒေသများရှိ လူမှုဘဝတည်ငြိမ်ရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ရင်းမြစ်နှင့် အခွန်ဘဏ္ဍာရှာဖွေရေး ကိစ္စရပ်များအပေါ်အထူးအာရုံစိုက်လေ့လာထားပါသည်။

---

၃ See Brenner, D. 2020. ‘Rebel Politics: A Political Sociology of Armed Struggle in Myanmar’s Borderlands’. Cornell University Press, Ithaca ကို ရှုပါ။

# အပိုင်း (၁)

## ဆင့်ကဲဖြစ်ထွန်းလာသော အသက်မွေးကျောင်းမှုများနှင့် ထွန်းသစ်စ လောကစံရင်ဆိုင်ရေး နည်းလမ်းများ။ အာဏာသိမ်းမှုအပြီး အသက်မွေးဝမ်းကျောင်း ဖျက်ဆီးခံရမှုများ

အာဏာသိမ်းမှုအလွန် တော်လှန်ရေးအင်အားစုများအပေါ် နစက၏ ထိုးစစ်ဆင်မှုများနှင့် ယှဉ်တွဲပေါ်ပေါက်လာသည့် လူမှုစီးပွား မတည်ငြိမ်ဖြစ်မှုသည် မြန်မာနိုင်ငံတဝှမ်းရှိ သန်းနှင့်ချီသောပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ကသောင်းကနင်းဖြစ်စေခဲ့သည်။ အမျိုးသားအဆင့်တွင်လည်း နစက၏ ခန့်မှန်း၍ မရနိုင်သော စီးပွားရေးမူဝါဒချမှတ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသလုံးဆိုင်ရာ ကြီးမား ကျယ်ပြန့်သော ငွေကြေးဖောင်းပွမှု အလားအလာနှင့် ရောထွေးသွားကာ အကျိုးရလာဒ်အနေဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများနှင့် စိုက်ပျိုးရေးနှင့် အခြားစီးပွါးရေးလုပ်ငန်းများအတွက်အရေးပါသော ထုတ်လုပ်ရေးသွင်းကုန်ဈေးများကို ထိုးတက်သွားစေခဲ့သည်။

ပထမစာတမ်းတွင်ဆွေးနွေးခဲ့သည့်အတိုင်းပင်၊ တိုင်းပြည်၏ အပိုင်းအတော်များများတွင် ပြင်းထန်သည့် ဆန့်ကျင်တော်လှန်မှုများကို တန်ပြန်ရန် မြန်မာစစ်တပ်ကလုပ်ဆောင် နေသည့် ဖြတ်လေးဖြတ် မီးတိုက်ဗျူဟာကြောင့် အခြေအနေများသည်ပိုမိုဆိုးရွားလာခဲ့သည်။ စီးပွားရေးစစ်နှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့ကို ပေါင်းစပ်လျက် နစက၏ စစ်ဆင်ရေးများနှင့် အုပ်ချုပ်ရေးပိုင်းက စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်တို့ရှိ တော်လှန်ရေးအင်အားစုများ အုပ်ချုပ်ရာဒေသများအပေါ်ထိန်းချုပ်ထားနိုင်မှုကို လုယက်ရန် အားထုတ်လာကြသည်။ သာမန်ပြည်သူများဖြစ်သည့်ဖြေဆိုသူများအတွက်မူ ယင်းဗျူဟာများသည် တစ်မြို့နှင့်တမြို့ ကုန်သွယ်မှုကို ကန့်သတ်ထားခြင်းနှင့် တပ်မတော်၏ ခြိမ်းခြောက်ငွေညှစ်ခြင်းတို့အပြင် အရပ်သားများနေထိုင်ရာ ဒေသများပါမချန် လက်နက်ကြီးဖြင့် အခါခါပစ်ခတ်ခြင်းကဲ့သို့သော အကြမ်းဖက်မှုများအသွင်ဖြင့် လုပ်ဆောင်နေခြင်းသာဖြစ်၏။၂၀၂၁ နှစ်လည်လောက်မှစ၍ နစက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့ထိန်းချုပ်ထားသော မြို့ဝင်မြို့ထွက် အဓိကလမ်းမကြီးများတွင် လက်နက်ကိုင် စစ်ဆေးရေးဂိတ်များဖွင့်လာကြသည်။ စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ် နှစ်ခုလုံးတွင် ခုခံတွန်းလှန် တပ်ဖွဲ့များအား ပြည်သူ့ထောက်ခံမှု လျော့ပါးလာစေရေးရည်ရွယ်လျက် နစကတပ်ဖွဲ့များသည် ကျေးရွာများ၊ လူနေအိမ်များ၊ ဈေးများနှင့် အခြားသော အရပ်သားအဆောက်အဦများကို မီးရှို့ခြင်းနှင့် လက်နက်ကြီးနှင့် ပစ်ခတ်ခြင်းများကို အရှိန်မြှင့်လုပ်ဆောင်လာသည်။ ရခိုင်ပြည်နယ်တွင်မူ ထိုသို့အရှိန်မြှင့်လုပ်ဆောင်မှုများကို ၂၀၂၂ နှစ်လည်လောက်မှစ၍ လုပ်ဆောင်လာကြသည်။

ထိုဗျူဟာများကြောင့် ဖြစ်ပေါ်လာသော လူမှုဘဝ မလုံခြုံမှုကို စိုက်ပျိုးရေးနှင့် ဆက်စပ်နေသော ဝင်ငွေပေါ် မှီခိုနေရသည့် မိသားစုပေါင်းများစွာရှိရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ ကျေးလက်ဒေသများတွင်ဆိုးဆိုးရွားရွားခံစားကြရသည်။ နစက၏ စစ်ဆေးရေးဂိတ်များနှင့် စစ်ရေးလှုပ်ရှားမှုများကြောင့် ကျေးလက်ဒေသသို့ကုန်စည်အဝင်အထွက်မှာလည်းထိခိုက်ခဲ့ရပြီး မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှုကို ကစဉ့်ကလျားဖြစ်စေခဲ့ကာ အခြေခံကုန်ဈေးနှုန်းများလည်း ထိုးတက်သွားခဲ့ရသည်။ (ဤသုတေသနကို)ဖြေကြားသူများက ပြောပြကြသည်မှာ ဒေသခံ(စစ်ကောင်စီ) တပ်မှူးများက အာဏာရှင်ဆန့်ကျင်ရေးအင်အားစုများအတွက် အကျိုးရှိစေ နိုင်သည်ဟုယူဆသော ကုန်စည်အမယ်ပေါင်းများစွာကို နစက တပ်ဖွဲ့ဝင်များက စစ်ဆေးရေးဂိတ်များဖြင့် ထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိကြောင်းပင်ဖြစ်သည်။ ဤသို့ဆောင်ရွက်မှုနှင့် နစကအုပ်ချုပ်ရေးပိုင်းကထိန်းချုပ်ထားသော မြို့များ၏အစွန်ရှိ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရန် ဒေသခံကုန်သည်များနှင့် ဘတ်(စ်)ကားယာဉ်မောင်းများက အပိုကြေးများပေးနေရခြင်းကြောင့် အခြေခံကုန်စည်ဈေးနှုန်းများသည် ရှိနှင့်ပြီးသား မြင့်မားသည့် ငွေကြေးဖောင်းပွမှုကိုကျော်လွန်ကာ တက်လာတော့သည်။

ဘတ်(စ်)ကားနှင့် ကုန်ကားယာဉ်မောင်းများ ကြုံတွေ့ကျခံနေရသည့် ငွေကုန်ကျမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များကြောင့် ဤလမ်းကြောင်းများပေါ်ရှိ ကုန်စီးစည်းဆင်းမှုသည် သိသိသာသာကျဆင်း သွားစေခဲ့သည်။ လုပ်ငန်းရှင် အများအပြားကလည်း ကြုံတွေ့နေရသည့် မလုံခြုံမှုအခြေအနေများကြောင့် ၎င်းတို့၏ ဝန်ဆောင်မှုကိုလျှော့ချလိုက်ခြင်း သို့မဟုတ် ရပ်ဆိုင်းလိုက်ခြင်းများရှိလာသဖြင့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံစားကုန်သုံးကုန်ဈေးနှုန်းများကို ပိုမိုထိုးတက်သွားစေပြန်ပါသည်။ အချို့အခြေအနေများတွင် နစကစစ်ဆေးရေးဂိတ်များကိုဖြတ်သန်းရသည့်အတွက် ကုန်ကျမည့်စရိတ်နှင့် ဘေးအန္တရာယ်များကို ရှောင်လွှဲ

ရန်အတွက် ဝေးလံသည့် တောလမ်းများတွင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်များကို ဖန်တီးလာကြရသည်။ အမျိုးသားများကို နစက တပ်ဖွဲ့ဝင်များက တော်လှန်ရေးအဖွဲ့များ၏ အဖွဲ့ဝင်များအဖြစ် မကြာခဏဆိုသလို သံသယရှိခံကြရသဖြင့် အမျိုးသမီးများသည် လူမှုအခန်းကဏ္ဍအသစ်တစ်ခုတွင် နေရာယူလာကြရသည်။ အမျိုးသမီးအချို့တို့သည် ကျေးရွာရှိ ဈေးဆိုင်များနှင့် မိသားစုများကိုယ်စား မြို့သို့ဈေးတက်ဝယ်ပေးရသည့် လုပ်ငန်းကိုလုပ်ကိုင်လာကြရပြီး ကုန်စည်များကို ရွာအရောက်ပို့ဆောင်ပေးရကာ ထိုအတွက် အခကြေးငွေအနည်းငယ်ကို ရယူကြသည်။ ဖြစ်စဉ် (၁) တွင် စစ်ကိုင်းတိုင်းရှိ ဈေးဝယ်ဝန်ဆောင်မှုပေးသူ အမျိုးသမီးတစ်ဦး၏ အာဏာသိမ်းမှုအလွန် ၎င်း၏ အသက်မွေးဝမ်းကျောင်းမှုအတွေ့အကြုံကို ဖော်ပြထားပါသည်။

## ဖြစ်စဉ် ၁ - ငါးရောင်းရာမှ ဒေသအဝယ်တော်ဖြစ်လာသူ

စစ်ကိုင်းတိုင်းမြောက်ပိုင်းကျေးရွာတစ်ရွာမှ အမျိုးသမီးတစ်ဦးသည် အာဏာမသိမ်းမီကာလက ငါးနှင့်ငါးခြောက်ရောင်းကာ အသက်မွေးခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီ မတိုင်မီက နေ့စဉ်ဆိုသလို မြို့ဈေးမှကုန်များဝယ်ပြီး ရွာစဉ်လှည့်ဈေးရောင်းရသည်။ ပုံမှန်အားဖြင့် တစ်ရက်လျှင် ရေခဲပုံးတစ်ပုံး သို့မဟုတ်နှစ်ပုံးလောက်ရောင်းရသည်။ အာဏာသိမ်းမှုအလွန်အခြေအနေတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များသည် ၎င်းတို့ထိန်းချုပ်ရာရွာများသို့ ရွာခံမဟုတ်သည့် ဈေးသည် များကို အဝင်အထွက်ကန့်သတ်လာခဲ့သည်။ ထို့အတွက် သူမအနေဖြင့် အနီးအနားရွာများရှိ လမ်းမကြီးပေါ်တွင်သာ ဈေးရောင်း၍ရတော့သည်။ အာဏာသိမ်းလိုက်သည်မှအစပြု၍ မိသားစုများ၏ ငါးဝယ်ခြင်းအတွက်သုံးစွဲမှု ဝင်ငွေကျဆင်းလာခြင်းနှင့် ရွာစဉ်လည်ရောင်းရန် အဆင်မပြေတော့မှုတို့ကြောင့် ရောင်းအားမှာ သိသိသာသာကျဆင်းလာခဲ့ရသည်။ သူမ နေထိုင်ရာအရပ်ကို လေကြောင်းမှ မကြာခဏဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် နီးစပ်ရာရွာများသို့ရှောင်တိမ်းရသဖြင့် သူမ၏ဝင်ငွေမှာ ပိုမိုထိခိုက်လာခဲ့သည်။

ရှောင်တိမ်းရန်မလိုသည့်အချိန်တွင် တော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသော ရွာများရှိ ဖောက်သည်များအတွက် တပတ်လျှင်တစ်ခေါက် သို့မဟုတ်နှစ်ခေါက် မြို့တက်ပြီး အခြေခံစားသောက်ကုန်များကို ဝယ်ယူပေးခြင်းဖြင့် သူမ၏အလုပ်ကို ပြောင်းလဲယူခဲ့သည်။ အစပိုင်းတွင် သူမ၏ဖောက်သည်များအတွက် ပစ္စည်းအနည်းငယ်ကိုသာ ကန့်သတ် ဝယ်ယူပေးခဲ့သော်လည်း  ဝယ်ယူပေးနိုင်သည့်ပစ္စည်းအမယ်များကို တဖြည်းဖြည်းချင်းတိုးမြှင့်လာခဲ့ရာ ဆေးဝါးများကိုပါ ဝယ်ယူပေးလာနိုင်သည်။ လူအများအပြား(အထူးသဖြင့် တော်လှန်ရေးအင်အားစုများထိန်းချုပ်ရာရွာများမှအမျိုးသားများ) သည် မကြာခဏအနှောင့်အယှက်ပေးတတ်ပြီး စိတ်ထင်သလို အခွန်ကောက်ခံနေသော တပ်မတော်မှစစ်သားများ စောင့်ကြပ်နေသည့် နစကစစ်ဆေးရေးဂိတ်များစွာကိုဖြတ်ပြီး မြို့ဈေးသို့သွားရန် မဝံ့ကြသည့်အတွက် သူမ၏ဝန်ဆောင်မှုများကို အသုံးပြုလာမှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ မြို့အစွန်တွင် နစက၏ အဓိကစစ်ဆေးရေးဂိတ်ရှိနေပြီး၊ လမ်းတလျှောက်တွင် တပ်မတော်စစ်သားများထိုင်သည့် စစ်ဆေးရေးဂိတ်အသေး ၃ ဂိတ်ရှိနေသည်။ စစ်ဆေးရေးဂိတ်တိုင်းတွင် ကုန်စည်အားလုံးကို အထုပ်ကြီးတစ်ထုပ်သို့မဟုတ် ပုံးကြီးတစ်ပုံးလျှင် ၁၀၀၀ ကျပ်အခွန်ကောက်လျက်ရှိသည်။ ၂၀၂၂ အတွင်းလောင်စာဆီနှင့် အခြေခံစားကုန်ဈေးနှုန်းများတက်ရသည့်အထဲတွင်၊ ဤသို့အခွန်ကောက်ခံမှုများကြောင့် ကျေးလက်မိသားစုများအတွက်အခြေခံကုန်များဝယ်ယူရာတွင် အချိန်ရောငွေပါပိုမိုကုန်ကျလာ ပါသည်။ ထို့ကြောင့် သူမနှင့် အခြားဈေးဝယ်ဝန်ဆောင်သူများသည် နစကစစ်ဆေးရေးဂိတ်များကို ဖြစ်နိုင်သမျှ ရှောင်ကွင်းသွားရသည့် တခြားလမ်းများကိုအသုံးပြုလာကြရသည်။ သို့သော် ထိုလမ်းများတွင် မြေမြှုပ်မိုင်းအန္တရာယ်က ရှိနေသည်။ ရွာသို့သွားရာလမ်းတလျှောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်များထိုင်သော စစ်ဆေးရေးဂိတ်များတွင်မူ ငွေပေးစရာမလိုပေ။ သို့သော် သူမနှင့်အခြားခရီးသွားများသည် ယင်းဂိတ်များတွင်စောင့်ကြပ်နေသည့် တိုက်ခိုက်ရေးသမားများအတွက် မုန့်ပဲသွားရည်စာများ ဝယ်သွားပေးလေ့ရှိပါသည်။

ကုန်စည်စီးဆင်းမှုများအဟန့်အတားဖြစ်နေရသည့်အထဲတွင်၊ တော်လှန်ရေးတပ်ဖွဲ့များ အခြေချနေသည်ဟု သံသယရှိသည့်ရွာများသို့ နစကတပ်များ၏ မကြာခဏဆိုသလို တိုက်ခိုက်ခံရမှုကြောင့် လယ်ယာစီးပွားကဏ္ဍသည် ပိုမိုအားနည်းလာခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် မိသားစုအများအပြားသည် မကြာခဏဖြစ်ပေါ်နေသော စစ်ရေးတိုက်ခိုက်မှုများကြောင့် ၎င်းတို့၏ အိမ်များ၊ ယာများကို တစ်ရာသီလုံးဖြစ်စေ ရာသီတစ်ပိုင်းဖြစ်စေ စွန့်ထားခဲ့ကြရသည့်အတွက် စပါး၊ မြေပဲနှင့် အခြားစီးပွားဖြစ်သီးနှံများ စိုက်ပျိုး ရိတ်သိမ်းချိန်များသည် နှောင့်နှေးထိခိုက်ရတော့သည်။ ချင်းပြည်နယ်တွင်လည်း အာဏာသိမ်းမှုမတိုင်မီက စီးပွားဖြစ်သီးနှံများဖြစ်သော ဝဥ၊ ပန်းသီး၊ ကော်ဖီ စသည်တို့သည် ကျေးလက်ရောမြို့ပြရှိ မိသားစုများ၏ အဓိကဝင်ငွေ ရရာလမ်းကြောင်းများဖြစ်ခဲ့ပြီး၊ ယင်းသီးနှံများ အတွက် ဝယ်လိုအားသည် လျော့ကျလာခဲ့ခြင်းသည် ဈေးကွက်ဈေးနှုန်းများမတည်မငြိမ်ဖြစ်လာစေပြီး  မိသားစုအသက်မွေးမှုသည်လည်း မရေမရာဖြစ်လာရသည်။ ဒေသနှစ်ခုလုံးရှိ စိုက်ပျိုးရိတ်သိမ်းရာ သီများအတွက်လိုအပ်သော ရွှေ့ပြောင်းလုပ်သားများ၏ သွားလာနိုင်မှုမှာလည်း မလုံခြုံမှုနှင့် စစ်ဆေးရေးဂိတ်များကြောင့် အကန့်အသတ်ဖြစ်လာခဲ့သည်။ ထို့ကြောင့် စီးပွားဖြစ်သီးနှံများ အကြီး အကြယ်စိုက်ပျိုးမှုအတွက် စရိတ်များမြင့်တက်လာခဲ့ရသည်။ ထို့ပြင် သယ်ယူပို့ဆောင်ရေး၊ ပွဲစားခနှင့် ဖြစ်နိုင်သည့်ဘေးကိုထည့်မတွက်ပဲ ရိတ်သိမ်းထားသည့် ထုတ်ကုန်များကို နိုင်ငံတစ်ဝှမ်း ရှိအခြားဒေသများသို့ တင်ပို့ရန် မဖြစ်နိုင်တော့ပေ။

ဒေသခံပွဲစားများအနေဖြင့်လည်း စစ်ဆေးရေးဂိတ်များကိုဖြတ်သန်းရမည့် အန္တရာယ်နှင့် လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး နစကလုံခြုံရေးတပ်ဖွဲ့များကိုပေးရမည့် တရားမဝင်အခွန်အခ များအတွက် ထည့်သွင်းတွက်ချက်ကြရသည်။ ထို့ကြောင့် ရိတ်သိမ်းရန်စီမံနိုင်သည့် အသေးစားစိုက်ပျိုးသူများ၏ စိုက်ပျိုးရေးထွက်ကုန်များအတွက်ရရှိနိုင်သောဈေးမှာ အာဏာမသိမ်းမီကထက် သိသိသာသာ လျော့ပါးလျက်ရှိရာ မြို့နယ်အတွင်းရောင်းနိုင်သည့်ဈေးထက် ၃၀%အထိလျော့ကျသွားခဲ့ရသည်။ ဈေးနှုန်းများကျဆင်းနေသည့်တိုင်၊ မိသားစုအများရင်ဆိုင်နေရသည့်ဘဏ္ဍာရေးအကြပ်အတည်းနှင့် ရှေ့လျောက်ဖြစ်ပေါ်လာမည့် ပဋိပက္ခများကြောင့် ကုန်သွယ်မှုအားလုံး ရပ်ဆိုင်းသွားနိုင်သည့် အတောမသတ်နိုင်သော ဘေးအန္တရာယ်စသည်တို့သည် သီးနှံများကို တစ်လ၊ နှစ်လ လှောင်ထားပြီးဈေးတက်သည့်အချိန်မှ ထုတ်ရောင်းရန်ထားသည်ထက် ရိတ်သိမ်းပြီးပြီးချင်း ဈေးကွက်ဈေးနှုန်းအောက်နည်းသည့်ဈေးနှင့် ထုတ်ရောင်းခြင်းကသာ သင့်တော်သည့်နည်းလမ်းဖြစ်နေကြရသည်။ နစက ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အိုးအိမ်နှင့် သီးနှံများအပါအဝင် ပစ္စည်းဥစ္စာများဆုံးရှုံးရမှုနှင့် အမြဲလိုလိုရွှေ့ပြောင်းရှောင်တိမ်းနေရသည့်အခြေအနေတွင် မိသားစုအများအပြားသည် အာဏာမသိမ်းမီ အခြေအနေနှင့်စာလျှင် ငွေရေးကြေးရေး ပြတ်လပ်သထက်ပြတ်လပ်လာကြပြီး အကျိုးအမြတ်ရှိနိုင်သည့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကို ရင်းနှီးမြှုပ်နှံနိုင်မှု နည်းပါးလာတော့သည်။

ကျေးလက်လူမှုစီးပွားအခြေအနေကို သက်ရောက်မှုရှိသည့် ဈေးကွက်အခွင့်အလမ်းအခြေအနေသည် ဒေသများအကြား ကွဲပြားခြားနားမှုအချို့ရှိနေသည်။ တောင်ကုန်းတောင်တန်းထူထပ်သည့် သဘာဝရှိသော ချင်းပြည်နယ်တွင် နစကတပ်များသည် ၎င်းတို့၏စစ်ဆင်ရေးများကို မြို့ပြဒေသနှင့် မြို့များအနီးရှိ ကျေးရွာများတွင် လုပ်ဆောင်လေ့ရှိသည်။ အကျိုးဆက်အနေဖြင့် စစ်ဖက်၏ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ခြိမ်းခြောက်ငွေညှစ်မှုဘေးအန္တရာယ်များကို မြို့ပြရပ်ရွာများသည် ကျေးလက်ရပ်ရွာများထက် ပိုမိုခံရပါသည်။ ထို့ကြောင့် အကျိုးဆောင်(ပွဲစား)ကွန်ယက်နှင့် ကျေးလက်မှမြို့ပြသို့ကုန်စည်ကူးသန်းရေးမှာ ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရပြီး၊ ကျေးလက်မိသားစုများ၏ ပွဲစားမှတဆင့် ၎င်းတို့၏ကုန်စည်များကို ရောင်းချရေးနှင့် မရှိမဖြစ်ကုန်စည်များကို အဝယ်တော်ဈေးသည်များထံမှ ဝယ်ယူနိုင်ရေးမှာ လုံးဝကန့်သတ်ခံထားရသကဲ့သို့ ဖြစ်နေပေသည်။ စစ်ကိုင်းတိုင်းတွင်မူ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များသည် နစက ဒလံများဝင် ရောက်လာမည်ကိုစိုးရိမ်သည့်အတွက် နေ့စဉ်သုံးကုန်ရောင်းချသူများကို ၎င်းတို့ရွာများသို့ ဝင်ခွင့်မပြုပေ။ ရွာသူ/သားများကို လမ်းမကြီးများပေါ်တွင်သာဈေးသည်များထံမှ ဈေးဝယ်ခွင့်ပြုထားသဖြင့် ဈေးရောင်းရာတွင် အချိန်နှင့်စရိတ်ပိုမိုကုန်ကျကြရသည်။ ဈေးသည်တစ်ဦးကရှင်းပြသည်မှာ “အရင်(အာဏာမသိမ်းခင်)ကထက် ပိုကြပ်လာတယ်။ ကျုပ်တို့ထဲကတချို့ဆို ရွာကဆိုင်တွေကိုပိတ်လိုက်ကြရတယ်၊ ဒီတော့အရင်ထက်ပိုကြပ်တာပေါ့”

ရခိုင်ပြည်နယ်တွင် ရခိုင့်တပ်တော် (AA) နှင့်တပ်မတော်တို့ကြားရှိပြင်းထန်သော ပဋိပက္ခများကြောင့် ၂၀၂၂ နှစ်လည်လောက်မှစ၍ ကျေးလက်ဒေသ လုပ်ငန်းခွင် အစီအစဉ်များသည်သိသိသာသာ ပြောင်းလဲခဲ့ရသည်။ သာဓကအားဖြင့် အာဏာသိမ်းမှုမတိုင်မီ ၂၀၂၁ နှင့် ၂၀၂၂ အစောပိုင်းထိ ငါးလုပ်ငန်းကဏ္ဍမှ လုပ်သားများသည် ငါးပမာဏနှင့်ဝင်ငွေကို အမြင့်ဆုံးရနိုင်ရန်အတွက် ပုံမှန်အားဖြင့် နေ့ဆိုင်း ညဆိုင်းအလုပ်လုပ်ကြသည်။ ဤလေ့လာမှုအတွက် မေးမြန်းခဲ့သော ငါးဖမ်းလုပ်သားများက ပြောကြသည်မှာ နစကတပ်များနှင့် AA အကြား မြင့်မားလာသည့် တင်းမာမှုများကြောင့် ကန့်သတ်ထားသောအချိန်အတွင်းသာ အလုပ်လုပ်ကြရသည်ဟုဆိုပြီး ၂၀၂၁ နှင့် နှိုင်းစာလျင် အလုပ်ချိန် ၅၀% အောက်လျော့ကျသွားခဲ့ရသည်။ ညပိုင်းတွင် ဖြစ်တတ်သော စစ်ရေး တိုက်ခိုက်မှုများကြောင့်ဖြစ်သည်။ ထို့ထက်ပိုသည်မှာ ရခိုင်ရှိ ငါးဖမ်းလှေများ၏လုပ်သားများသည် အမျိုးသားအများစုဖြစ်ရာ၊ ၎င်းတို့ကို နစက ရေတပ်မှ အမြဲလိုလိုရှာဖွေမှုများပြုလုပ်ခံရခြင်း အကြမ်းဖက်ခံရမှုနှင့် နှောက်ယှက်မှုတိုကိုရင်ဆိုင်နေကြရသည်။ ဤအကြောင်းရင်းများသည် ရခိုင်ပြည်နယ်ရှိ မြစ်ဝှမ်းနှင့် ကမ်းခြေဒေသများမှ မိသားစုများစွာ၏ လုပ်ခဝင်ငွေနှင့် ငါးဖမ်းမိမှု တို့ကို ထိုးကျသွားစေခဲ့သည်။

## စီးပွားဖြစ်သီးနှံစိုက်ပျိုးမှု ကျဆင်းသွားခြင်းနှင့် ပြောင်းလဲသွားသော လုပ်သားအလေ့

အသက်မွေးဝမ်းကျောင်းမှုများ ကစဉ့်ကလျားဖြစ်သွားသောကြောင့် စီးပွါးဖြစ်သီးနှံစိုက်ပျိုးရေးအားပြုသော ကျေးလက်အသက်မွေးဝမ်းကျောင်းမှု ကိုလျော့ချလာကြပြီး ဝမ်းရေးဖူလုံရုံ လယ်ယာစီးပွားရေးဘက်သို့ သိသိသာတိုး၍ပြောင်းလဲလာခဲ့သည်။ ၁၉၉၀ နှင့် ၂၀၀၀ ပြည့်လွန် လယ်ယာစိုက်ပျိုးရေးဈေးကွက်ကို ဖြေလျှော့မှုများပြုလုပ်ပြီးနောက် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်၊ရခိုင်ပြည်နယ်တို့ရှိ ကျေးလက်မိသားစုအများ၏ အသက်မွေးဝမ်းကြောင်းပုံစံသည် ဈေးကွက်တင်ရောင်းချရေး ဦးတည်လျက် သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးသည့် ပုံစံသို့ပြောင်းသွားခဲ့သည်။ ဤသို့ ဖောက်ချထုတ်လုပ်ခြင်းအားဖြင့် အခြားလိုအပ်သော စားသောက်ကုန်များဖြစ်သည့် ဆန်၊ဆီနှင့် အခြားဟင်းသီးဟင်းရွက်တို့ကို အခြားဒေသများမှ တင်သွင်းပြီး ဒေသတွင်းရှိဆိုင်များ သို့မဟုတ် ပွဲစားများမှတဆင့်ဝယ်ယူကြသည်။

စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ ဖြေဆိုသူများကပြောကြသည်မှာ အာဏာသိမ်းပြီးကတည်းက ပွဲစားများမှတစ်ဆင့် မြို့ပေါ်ဈေးကွက်တွင်ရောင်းချရသည့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးခြင်းထက် ဖူလုံရုံသာစိုက်ပျိုးပြီး ကျေးရွာတွင်း ကုန်စည်ခြင်းတိုက်ရိုက်လဲလှယ်သည့်ပုံစံသို့ ပြန်လုပ်နေရသည် ဟုဆိုသည်။ ဈေးကြီးသည့် ဓာတုမြေသြဇာများ သုံးမည့်အစား တိရစ္ဆာန်ချေးများကို အသုံးပြုခြင်း၊ မြန်မြန်စိုက်၍ ကာလတိုအတွင်းရိတ်သိမ်းနိုင်သော အဆင့်နိမ့်သီးနှံများပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေပမာဏကိုလျှော့ချခြင်း စသော လယ်ယာလုပ်နည်းကိုင်နည်းများကို ပြောင်းလဲပစ်ခဲ့ရသည်။ ဤအပြောင်းအလဲများသည် သွင်းအားစုကုန်ကျစရိတ်ကြီးမှုကိုလျှော့ချရန်၊ ဘေးကင်းလုံခြုံမှုမရှိပဲ ရွှေ့ပြောင်းရှောင်တိမ်းနေရသည့်အခြေအနေတွင် ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်ရန် ရည်ရွယ်ပြောင်းလဲရခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် အဘက်ဘက်မှ ထုတ်လုပ်မှုကိုကျဆင်းသွားစေပြီး မကြာမီသော လများ နှစ်များအတွင်း စားနပ်ရိက္ခာမဖူလုံမှုကိုပိုမိုဆိုးဝါးလာစေနိုင်ပါသည်။

မိသားစုများအတွက် မြင့်တက်လာသော မရေရာမှုများနှင့်  တိုးတိုးလာသောလိုအပ်ချက်များကိုတုံ့ ပြန်ရန် အာဏာသိမ်းသည်မှစ၍ စီးပွါးရေးနှင့်ထုံးတမ်းဓလေ့များ ပေါ်ပေါက်လာခဲ့သည်။ အာဏာမသိမ်းမီက အထက်မြန်မာပြည် ကျေးလက်များတွင် ပုံမှန် ကျင့်သုံးခဲ့သည့် ဓလေ့တစ်ခုဖြစ် သော စပါးစိုက်ရာတွင် လယ်သမားများအကြား လုပ်အားအပြန်အလှန် ကူညီပေးသည့်ဓလေ့သည် စစ်ကိုင်းတိုင်းတွင် သိသိသာ လျော့ပါးလာခဲ့သည်။ အကြောင်းမှာ နစကတိုက်ခိုက်မှုကြောင့် ရှောင်တိမ်းရသည့် ကာလတစ်ခုနှင့်တစ်ခု အကြား လယ်သမားများအနေဖြင့် ၎င်းတို့ ၏လယ်များကို အလျင်အမြန်စိုက်ပျိုးရသောကြောင့်ဖြစ်သည်။ အိမ်နီးနားချင်းများကို စိုက်ပျိုးပေးသည့်အတွက် စပါးပမာဏတခုပေးသည့်ပုံစံများဖြင့် သူ့အလှည့်ကိုယ့်အလှည့် အပြန်အလှန်ကူညီသည့်ပုံစံဖြင့် ကူညီကြသည့်အစား၊ ယခုအခါ အိမ်နီးချင်းများက အခြားသူအတွက် အလုပ်လုပ်ပေးရလျင်၊ ငွေသို့မဟုတ် ဆန်၊ဆီစသည်ဖြင့် ချင်ချင်း ရယူလိုသည့် ပုံစံဖြစ်လာသည်။ စစ်ကိုင်း

မြောက်ပိုင်း ရှိ မြေပိုင်ရှင်တစ်ဦးပြောပြသည်မှာ-

> “အာဏာမသိမ်းမီကဆိုရင် ပျိုးနှုတ်ခနဲ့ကောက်စိုက်ခက စပါးတစ်ခွဲပေးရတယ်။ ခုတော့ ရနိုင်တဲ့ဟာပေါ်မူတည်ပြီး ငွေဖြစ်ဖြစ်၊ ဆန်ဖြစ်ဖြစ် ဒါမှမဟုတ် ဆီဖြစ်ဖြစ်ပေးရယ်”

ဆက်စပ်ပြောင်းလဲလာမှုတစ်ခုမှာ ယခင်က စိုက်ပျိုးရာသီ၊ ရိတ်သိမ်းရာသီများတွင် တစ်မြို့မှတစ်မြို့၊ တစ်နယ်မှတစ်နယ် ရွှေ့ပြောင်းလုပ်ကိုင်ကြရသော မြေယာမဲ့လုပ်သားများမှာ ကူးသန်းသွားလာနိုင်မှု လျော့နည်းလာသည်။ နစက စစ်ဆေးရေးဂိတ်များနှင့် ရပ်ရွာတစ်ခုတစ်ခုအကြား သတင်းပေးများ လှည့်လည်သွားလာမှုအပေါ် အလွန်အမင်းစိုးရိမ်လာမှုများနှင့် လုံခြုံရေးအရစိန်ခေါ်မှုများ၊ (အလုပ်ရှိရာ)ဒေသခံရပ်ရွာများ၏ ယုံကြည်စိတ်ချမှုလျော့နည်းလာခြင်းက မြေယာမဲ့လုပ်သားများကို ၎င်းတို့၏အိမ်နီးချင်းများ၊ အနီးအနားရွာများတွင်သာ အလုပ်အကိုင်ရှာဖွေနိုင်ကြစေတော့သည်။ စီးပွားရေးနှင့် သွားလာလှုပ်ရှားနိုင်မှု အခက်အခဲများကြောင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြေယာမဲ့မိသားစုများသည် တစ်လနှစ်လကာလအတွင်း ကျေးရွာအချို့သို့မဟုတ် မြို့နယ်အချို့အကြား ကူးသန်းသွားလာအလုပ်လုပ်ရန်ထက် ပိုဝေးဝေးနေရာများသို့ ပြောင်းရွှေ့ရသည့်အခြေသို့ ဆိုက်သွားသည်။ ကချင်ပြည်နယ်သည် ထင်ရှားသာနေရာတစ်ခုဖြစ်လာပြီး၊ ရွှေကျင်လုပ်ငန်းများ၊ ကျောက်စိမ်း၊ ရေမဆေးကျောက်ရှာဖွေရာနှင့် စိုက်ပျိုးရေးခြံများသို့ မြေယာမဲ့မိသားစုများ ရွှေ့ပြောင်းသွားကြရသည်။

နစက အာဏာရှင် ကိုဆန့်ကျင်တော်လှန်နေသည့် ကျယ်ပြန့်သည့် အခြေအနေတွင်၊ အသက်မွေးဝမ်းကြောင်းမှုပုံစံ အပြောင်းအလဲများသည် ကျေးရွာများနှင့် မိသားစုများအကြား အပြန်အလှန်အမှီသဟဲပြုမှုပုံစံ အပြောင်းအလဲများနှင့်ယှဉ်တွဲတွေ့မြင်လာရသည်။ တော်လှန်ရေးအင်အားစုများနှင့် ဆက်စပ်နေသည့် အုပ်ချုပ်သူများ၏ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးနေသည့် သပိတ်မှောက်ပြည်သူ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများကို ထောက်ပံ့ရန်အတွက် ရပ်ရွာများတွင် ငွေကြေးနှင့် အရင်းအမြစ်များကို စုဆောင်းကောက်ခံကြသည်။ ဒေသကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် တော်လှန်ရေးတပ်ဖွဲ့များကဆောင်ရွက်နေကြသည်

# အပိုင်း (၂)

## အပြန်အလှန်အမှီသဟဲပြုခြင်းနှင့် ရင်းမြစ်ရှာဖွေခြင်း

ကြီးထွားလာသောရှားပါးမှုနှင့် စားလောက်ရုံသာစိုက်ပျိုးသည့် ပြောင်းလဲလာမှုအခြေအနေတွင် လေ့လာမှုပြုထားသည့်ဒေသအတွင်းရှိ မြို့နယ်ပြင်ပအဆင့် လူမှုရေးရာစီမံခန့်ခွဲမှုနှင့် လုံ့ဆော်နိုင်မှုအခြေအနေသည် နစကကို ဆန့်ကျင်တော်လှန်မှုအတွက် အရေးပါသောတွန်းအားတစ်ရပ် ဖြစ်သည်ကိုတွေ့ရသည်။ နှစ်မျိုးကွဲနေသော်လည်း အပြန်အလှန်ဆက်စပ်မှုရှိသော ရင်းမြစ်ရှာဖွေစုဆောင်းမှု စနစ်နှစ်မျိုးကိုတွေ့ရပြီး ယင်းစနစ်များတွင် တော်လှန်ရေးတပ်ဖွဲ့များ၏ ပါဝင်ပတ်သက်မှုနှင့် ဦးဆောင်မှုအတိုင်းအတာမှာမူ အမျိုးမျိုးကွဲပြားလျက်ရှိသည်။

ပထမတစ်မျိုးမှာ အာဏာသိမ်းမှုနောက် အရေးကြီးသော လူမှုဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်နိုင်ရန် လှူဒါန်းထည့်ဝင်ထားသည့် ငွေနှင့် အရင်းအမြစ်(ပစ္စည်း)များကို စုဆောင်းစီမံနေသည့် ကျေးရွာအဆင့် လူမှုရေးနှင့်ပရဟိတအဖွဲ့များ ကွန်ယက်ဖြစ်သည်။ အများအားဖြင့် ကျေးရွာများအဆင့် တွင် ရပ်သူရွာသားများက သဒ္ဓါသလောက် ထည့်ဝင်လှူဒါန်းထားသော ဤထည့်ဝင်လှူဒါန်းမှုများအား စီမံခန့်ခွဲမှုသည် စစ်ကာလလက်နက်ကိုင်တော်လှန်ရေးအတွင်းရှိ လူမှုတည်ငြိမ်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်လာသည်။ ဒုတိယတစ်မျိုးမှာ အပိုင်း ၃ တွင်ဆွေးနွေးထားသော တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်ချုပ်သူများ၏ ပေါ်ထွန်းစ အခွန်ကောက်စနစ်ဖြစ်သည်။ ဤစနစ်များသည် ဖွံ့ဖြိုးနေဆဲအဆင့်ဖြစ်သည့်တိုင် လာမည့်နှစ်၊လများအတွင်းဆက်လက်ဖြစ်ပေါ်နေမည့် အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုအတွက် ပိုမိုအရေးပါသော အခန်းကဏ္ဍဖြစ်ပေါ်လာနိုင်ဖွယ်ရှိပါသည်။

## လူမှုကူညီရေးအဖွဲ့များသို့ အလွတ်သဘောထည့်ဝင်လှူဒါန်းမှုများ

လေ့လာမှုတွင်တွေ့ရသည့် ကျေးရွာအဆင့်တွင်ဆောင်ရွက်နေသာလူမှုဝန်ဆောင်မှုလုပ်ငန်းအတော် များများကို ကျေးရွာ လူမှုကူညီရေးအဖွဲ့များမှဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းအဖွဲ့များကို ကျေးရွာနှင့် မြို့နယ်ပြင်ပအဆင့်တွင် စုဆောင်းရရှိပြီးစီမံဆောင်ရွက်နေသည့် ငွေနှင့် အခြားထည့်ဝင်လှူဒါန်းမှုများဖြင့်ထောက်ပံ့နေပါသည်။ အဆိုပါကွန်ယက်များနှင့် အဖွဲ့အများစုသည် အာဏာသိမ်းစကတည်းကပင် ဒေသတော်လှန်ရေးအင်အားစုများနှင့် အတိုင်းတာတရပ်အထိ ပူးပေါင်းဆောင်ရွက်ကာ လှုပ်ရှားနေကြပြီး ယင်းအလေ့အထများနှင့် ထည့်ဝင်လှူဒါန်းမှုများသည် ကြီးမားကျယ်ပြန့်သော နစက ဆန့်ကျင်ရေးလှုပ်ရှားမှု၏ အရေးပါသောအခြေအနေတစ်ရပ်ဖြစ် ပေသည်။

စစ်ကိုင်းတိုင်း၊ချင်းနှင့်ရခိုင်ပြည်နယ်တဝှမ်းရှိ မြို့နယ်အဆင့်အောက် ထင်ရှားသော လူမှုဇာတ်ကောင်များမှာ ကျေးရွာလူမှုရေးအသင်း/ပရဟိတအသင်းများပင်ဖြစ်သည်။ ထိုအဖွဲ့အတော်များများသည် အာဏာမသိမ်းမီကာလက အတိုင်းအတာတစ်ခုထိ အတည်တကျမဟုတ်ပဲရပ်တည်ခဲ့ကြပြီး၊ နာရေး ကူညီမှု၊ လူနာတင်ယာဉ်၊ သက်ကြီးဘိုးဘွားထောက်ပံ့မှု၊ ကျူရှင် နှင့် အခြားလူမှုလုပ်ငန်း များကိုလုပ်ဆောင်ခဲ့ကြပြီး ဒေသခံဘာသာရေးအသင်းအဖွဲ့များဖြင့် ချိတ်ဆက်ဆောင်ရွက်လေ့ရှိကြ သည်။ သို့ရာတွင် ကျေးရွာများတွင် ၂၀၂၁ နှစ်လည်နစက ၏ တိုက်ခိုက်မှုများ ပြင်းထန်လာသည်မှစ၍ ဤကုသိုလ်ဖြစ်အဖွဲ့များသည် လူမှုစီမံခန့်ခွဲမှုနှင့် ရင်းမြစ်ရှာဖွေစုဆောင်းရေးတို့တွင် ပိုမိုစနစ်ကျသောအခန်းကဏ္ဍက အစပြုပါဝင်လာကြပြီး ယင်းသို့ပါဝင်လာမှုသည် ကြီးမားကျယ်ပြန့်သော တော်လှန်ရေးကြိုးပမ်းမှုများအကြား လူမှုဘဝ တည်ငြိမ်ရေးထိန်းသိမ်းနိုင်ရန်အတွက် အရေးပါလှပေသည်။

စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်တွင် ကျေးရွာလူမှုကူညီရေးအသင်းများသည် သင့်တော်သည့် တော်လှန်ရေးတပ်ဖွဲ့များ၊ အုပ်ချုပ်သူများနှင့် နီးကပ်စွာလုပ်ဆောင်လျက်ရှိပြီး (ပထမစာတမ်း- အာဏာသိမ်းမှုအလွန်ထွေးရောယှက်တင်(မိဿက) အုပ်ချုပ်ရေးအပေါ်ရှုမြင်ခြင်းကိုကြည့်ပါ) အများသုံးရန်အတွက်ရင်းမြစ်(ငွေ၊ပစ္စည်း)များ စုဆောင်းရာတွင်အထောက်အကူပေးခြင်း၊ မရှိမဖြစ် ဝန်ဆောင်မှုများအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ နေရပ်ရှောင်များအရေးဆောင်ရွက်ခြင်းစသည် တို့ကိုလုပ်ဆောင်နေသည်။ ယခုအခါ

စစ်ကိုင်းတိုင်းရှိ လေ့လာမှုလုပ်ထားသောရွာတိုင်းတွင် စနစ်ကျသောပရဟိတအဖွဲ့များ ရှိနေပြီဖြစ်ပြီး ချင်းပြည်နယ်ရှိ ကျေးလက်များတွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းလုပ်ဆောင်နေသည့် ဘုရားကျောင်းနှင့်ဆက်နွယ်နေသည့် အဖွဲ့များနှင့်ဆင်တူပါသည်။ (ဖြစ်စဉ် (၂) နှင့် (၃) ကိုကြည့်ပါ။) ယင်းနှင့် ဆင်တူသည့် လူမှုရေးအဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများကြား မရှိမဖြစ်ဝန်ဆောင်မှုများကို ထောက်ပံ့နိုင်ရေး အခြေအနေတစ်ရပ်မှာ ရေရရှိရေးဆောင်ရွက်မှုဖြစ်သည်။ (ဖြစ်စဉ် (၃) ကိုကြည့်ပါ)။ နစကဏ်္ဍ ပညာရေး၊ ကျန်းမာရေးနှင့် ဖူလုံရေးလုပ်ငန်းများ ကျယ်ပြန့်စွာ လည်ပတ်နေသေးသည့်(ပထမစာတမ်းကိုကြည့်ပါ) ရခိုင်ပြည်နယ်တွင်၊ ကုသိုလ်ဖြစ်အဖွဲ့များသည် အခန်းကဏ္ဍနှင့် ဘောင်ကျဉ်းကျဉ်းတွင်လည်ပတ်နေရပြီး လူမှုစီမံခန့်ခွဲမှုကိစ္စများတွင် အဓိကအခန်း ကဏ္ဍမှမပါဝင်ပေ။

**ဖြစ်စဉ် ၂ - ချင်းပြည်နယ်မှ ကြံ့ကြံ့ခံရပ်ရွာနှင့် ရေဖူလုံရေး**

အာဏာမသိမ်းခင်က ရေဖြန့်ဖြူးရေးတွင် မြို့နယ်စည်ပင်သာယာရေးအာဏာပိုင်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်။ ဤအခြေအနေသည် မတူပီကဲ့သို့သော ခေါင်သည့် မြို့နယ်များတွင် အမှန်ပင်ဖြစ်ပြီး ရေချိုရှားပြီး မြို့ခံများအဖို့ အလွယ်တကူမရနိုင်ပေ။ ဤသို့သော အခြေအနေတွင် ဘာသာရေးအဆောက်အဦများ ရေရရှိရေးအတွက် မိသားစုများနှင့် လုပ်ငန်းသုံးရေလိုင်းနှင့်ယှဉ်လျက် သီးသန့်ရေလိုင်းတစ်လိုင်းကို ဖော်ဆောင်ခဲ့ကြသည်။ ၂၀၂၁ ဖေဖော်ဝါရီမှစ၍ စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ CDM လုပ်၍ သပိတ်မှောက်ကြသောအခါ မိသားစုနှင့် လုပ်ငန်းသုံးရေလိုင်းမှာ ပြတ်တောက်သွားခဲ့သည်။ ထို့ကြောင့် နေစဉ် မတူပီမှ အစုအဖွဲ့တစ်ခုသည် ဘာသာရေးအဆောက်အဦများအတွက်ဖြန့်ဝေသော ရှိနှင့်ပြီးသားရေလိုင်းကို တိုးချဲ့ရန်စိတ်ကူးရကြသည်။ အကျိုးဆက်အနေဖြင့် ဒေသခံများသည် ဒေသခံရပ်ရွာများကို ရေချိုဖြန့်ဝေနိုင်ရေးအတွက် ဘာသာရေးခေါင်းဆောင်နှင့် အရပ်ဘက်ခေါင်းဆောင် (၁၀) ဦးပါသော ရေကော်မတီကို ဖွဲ့စည်းလိုက်ကြသည်။ ကော်မတီသည် တစ်ခုသောတနင်္ဂနွေ ဝတ်ပြုပွဲအပြီးတွင် ကျေးလက်သစ်တောဒေသမှရေကို မြို့ပေါ်ရပ်ကွက်များဆီသို့ ပိုက်လိုင်းဖြင့်သွယ်မည့် ရေပေးဝေရေးစနစ်တစ်ခုစီစဉ်ရန် အများပြည်သူနှင့်အတူ အစည်းအဝေးတစ်ရပ်ခေါ်ခဲ့ပါသည်။ ယင်းပိုက်လိုင်းကို ရေကော်မတီမှ ပညာရှင်များက စီမံကွပ်ကဲမည်ဖြစ်သည်။ ရေကို အချိန်ဖြင့်ရရှိမည်ဖြစ်ပြီး မိသားစုများအနေဖြင့် တစ်ရက်လျှင် ၄၅ မိနစ်နှင့် ၁ နာရီကြား ရရှိမည်ဖြစ်သည်။ ရေပေးဝေရေးစနစ်အတွက် နေအိမ်များမှ ပင်မရေလိုင်းသို့သွယ်ရန် ရေပိုက်ဖိုးနှင့် စီမံကိန်း ဘုံလိုအပ်ငွေအတွက် တစ်အိမ်လျှင် ကျပ်တစ်သိန်း (ဒေါ်လာ၆၀ခန့်) ထည့်ဝင်ကြရသည်။ ဤဆောင်ရွက်မှုသည် အာဏာမသိမ်းမီက စည်ပင်အာဏာပိုင်များသည် ဆယ်အိမ်ထောင်လျှင် ဘုံပိုင်ခေါင်းတစ်ခေါင်းသာတပ်ဆင်ပေးသောအခြေအနေမှ သိသာထင်ရှားစွာပြောင်းလဲခဲ့သော အခြေအနေပင်ဖြစ်သည်။ ဤခြေလှမ်းသည် အာဏာသိမ်းမှုအလွန် လူမှုစီမံခန့်ခွဲရေး ဆန်းသစ်ဖန်တီးနိုင်မှုသည် ပဓာနကျသော ပြဿနာများကို ပြေလည်နိုင်စေကြောင်း အထင်အရှားပြနေပေသည်။

စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်တို့တွင် စေတနာ့ဝန်ထမ်းများနှင့် သပိတ်မှောက် ပြည်သူ့ဝန်ထမ်းမျာကို ၎င်းတို့၏ အရေးပါသော လူမှုဝန်ဆောင်မှုများဆောင်ရွက်ပေးမှု အတွက် အတုံ့အလှည့်အနေဖြင့် မိဘများနှင့် မိသားစုများက ထောက်ပံ့ပေးနေကြသည်။ ဥပမာအားဖြင့် လေ့လာသည့်နေရာများတွင် ကျေးရွာကျောင်းကော်မတီများသည် ကျောင်းသားမိဘများထံမှ ကျောင်းသားတစ်ဦးလျှင် တစ်လ (၅၀၀) မှ (၄,၀၀၀) ကျပ်ကောက်ခံသည်(လိုအပ်ချက်ပေါ်မူတည်၍ ကင်းလွတ်ခွင့်ပေးထားသည်)။ ထိုရန်ပုံငွေကို စေတနာ့ဝန်ထမ်းကျောင်းဆရာများ ကိုပံ့ပိုးရန်အသုံးပြုသည်။ တွေ့ကြုံရသည့်အချို့ရွာသားများအဆိုအရ ဆရာ/မများကိုဆက်လက် ထောက်ပံ့နိုင်ရန်အတွက် ကျောင်းကော်မတီဝင်များ၊ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များ နှင့် ကျောင်းအုပ်များက ၎င်းတို့ကိုယ်ပိုင် ငွေကိုစိုက်ထုတ်ကာထပ်ဆောင်းရန်ပုံငွေကိုစုဆောင်းထား ကြသည်။ ရပ်ရွာများမှလည်း ကျောင်းနှင့် ဆေးပေးခန်းများမှ စေတနာ့ဝန်ထမ်းများအတွက် ဆန်၊စားဆီ၊မျိုးစေ့နှင့် အခြားလိုအပ်သည့် ပစ္စည်း များကို စုစည်းလှူဒါန်းကြသေးသည်။ စေတနာ့ဝန်ထမ်းများစားနပ်ရိက္ခာဖူလုံရေးအတွက် ရပ်ရွာမှနေ ၍လယ်ယာများတွင် အပင်စိုက် ပေးခြင်း၊ စိုက်ပျိုးရိတ်သိမ်းပေးခြင်းစသော လုပ်အားဖြင့်

ထောက်ပံ့ပေးခြင်းများကိုလည်း ဆောင်ရွက်ကြသည်။ ဤသို့သော ရပ်ရွာအဆင့်အပြန်အလှန် ကူညီအမှီသဟဲပြုမှု အသွင်အပြင်များကအထင်အရှားပြနေသည်မှာ အပြန်အလှန်ဖေးမခြင်း၊ ကုန်စည် တိုက်ရိုက်ဖလှယ်ခြင်း ဓလေ့များကို တိုးချဲ့ အားစိုက်လုပ်ဆောင်ခြင်းအားဖြင့် အခြေခံလူတန်းစားများကြားရှိ လူမှုတည်ငြိမ်ရေးကိုမည်သို့မည်ပုံ ထိန်းသိမ်းနေကြသည်ကိုထင်ဟပ်နေစေသည်။ ယင်းဓလေ့များသည် အာဏာမသိမ်းမီကတည်းကရှိနေနှင့်သော ဒေသလူမှုလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

မြို့နယ်ပြင်ပအဆင့်တွင် စားနပ်ရိက္ခာ မဖူလုံမှုကိုဖြေရှင်းရန် တော်လှန်ရေးတပ်ဖွဲ့များနှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ အကြားတွင်လည်း ညှိနှိုင်းဆောင်ရွက်မှုများပေါ်ထွန်းလာခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းပွဲစားများ၏ ရောင်းကုန်များအပေါ်မှီခိုနေရမှုကိုလျှော့ချရန် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်း များပါဝင်ကာ ကျေးရွာအဆင့် မျိုးစေ့ဘဏ်များကိုဖန်တီးလာကြသည်။ မျိုးစေ့ပြတ်လပ်မှုကို ဖြေရှင်းရန် တော်လှန်ရေးနှင့်ဆက်စပ် နေသည့် အုပ်ချုပ်သူများမှတဆင့် ဆက်သွယ်ပြီး ကျေးရွာများအကြား မျိုးစေ့များကိုဖလှယ်ကြသည်။ ဖြစ်စဉ် ၃တွင် ဆွေးနွေးထားသည့်အတိုင်း၊ ချင်းပြည်နယ်မြို့နယ်များရှိဒေသ အသီးသီးတွင် သီးနှံများစိုက်ပျိုးရန်အတွက် ကျေးရွာအဆင့်ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ထုတ်ကုန်များကို အခြားပဋိပက္ခဖြစ်ရာဒေသများရှိ မြို့နယ်များ၊ကျေးရွာများနှင့် ကုန်သွယ်ရန် သို့မဟုတ် ကုန်ချင်းတိုက်ရိုက်ဖလှယ်ရန် ချမှတ်ထားသည့် တိကျသည့်အစီအစဉ်ပေါ်မူတည်၍ ဆုံးဖြတ်ကြသည်။ ပြည်သူ့အုပ်ချုပ်ရေးကွန်ယက်များမှတဆင့် မျိုးစေ့ကဲ့သို့သော ရင်းမြစ်များကို စုဆောင်းခြင်း၊ ပြန်လည်ဖြန့်ဖြူးခြင်းအားဖြင့် လက်နက်ကိုင်တော်လှန်ရေးဘက်တော်သားများ အကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေပြီး ကာလလတ်တစ်ခုအတွင်း ကြံ့ကြံ့ခံနိုင်စေရန် သေချာစေမည့် အတွေးအခေါ်အကြံအစည်များကို ဖလှယ်ခြင်းနှင့် ယင်းပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အပါအဝင်ဖြစ်သည်။

### ဖြစ်စဉ် ၃ - ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးယန္တယားနှင့် တော်လှန်ရေးကို အားဖြည့်ခြင်း

တော်လှန်ရေးကာလအတွင်းတွင်၊ ချင်းပြည်နယ်ကို နစက က ဖြတ်လေးဖြတ်လုပ်ထားပြီး ၄င်းတွင် ခရီးသွားလာမှု ကန့်သတ်ခြင်းများ၊ အစားအသောက်များ သယ်ယူရောင်းချခြင်းတို့ကို ပြင်းပြင်းထန်ထန်ကန့်သတ်ထားသည်။ ထိုသို့သောအခြေအနေအရ၊ ကျေးလက်မိသားစုများစွာတို့သည် အသက်ရှင်ရပ်တည်ရေးနှင့် မိသားစုဖူလုံရုံအတွက် စိုက်ပျိုးလာကြပြီး ဈေးကွက်တင်ရောင်းချရန်အတွက်စိုက်ပျိုးခြင်းကို လျှော့ချလာကြသည်။ သို့ရာတွင် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ဝဥကဲ့သို့သော စီးပွားဖြစ်သီးနှံများကို သီးနှံတစ်မျိုးတည်းသီးသန့် အဓိကထားစိုက်ပျိုးသည့် ပုံစံသို့ပြောင်းလဲခဲ့ရာ ရပ်ရွာများအတွက် မျိုးစေ့များရရှိရေးမှာ အခက်ကြီးခက်နေတော့သည်။ အသက်ရှင်ရပ်တည်ရေးလိုအပ်ချက်အရ ချင်းတောင်ပိုင်းရှိ မြို့နယ်တစ်ခုတွင် ဒေသခံပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က "စားနပ်ရိက္ခာ၊ အသက်မွေးဝမ်းကျောင်းနှင့် စိုက်ပျိုးရေးကော်မတီ"တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

စိုက်ပျိုးရေးဌာနမှ CDM ဝန်ထမ်းများဦးဆောင်သောကော်မတီက လွန်ခဲ့သည့်တစ်နှစ်အတွင်း မြို့ နယ်အတွင်းရှိ ရွာများအကြား မျိုးစေ့စုဆောင်းခြင်း လဲလှယ်ခြင်းတို့အတွက် အရေးပါသောအခန်း ကဏ္ဍမှ စတင်ပါဝင်ခဲ့သည်။ ကော်မတီခေါင်းဆောင်များသည်ချင်းပြည်နယ်ဒေသအသီးသီးတွင် စိုက်ပျိုးရန် သင့်တော်သော မျိုးစေ့အမျိုးအစားမျိုးစုံ၏ ဒေတာအချက်အလက်များကို ထိန်းသိမ်း ထားကြသည်။ ကော်မတီသည် လယ်သမားများထံမှ မျိုးစေ့များကိုအပိုဆောင်းစုစည်းထားပြီး ယင်းမျိုးစေ့များကို မြို့နယ်အတွင်းနှင့် မြို့နယ်ပြင်ပရှိဒေသများတွင်လဲလှယ်သည်။ ထိုသို့လဲလှယ်ရခြင်းမှာ ကာလတိုစိုက်ပျိုးရေးကိုအထောက်အကူပြုရန်နှင့် ကာလရှည်စားနပ်ရိ က္ခာဖူလုံရေးအစီအစဉ်အတွက်အထောက်အပံ့ဖြစ်စေရန်ဖြစ်သည်။ ကော်မတီသည် ပြင်ဦးလွင်၊ ရှမ်းတောင်၊ ကချင်နှင့်ပဲခူးတို့ကဲ့သို့သော နိုင်ငံဒေသအသီးသီးမှ လယ်သမားများ၊မျိုးစေ့စုဆောင်း သူများနှင့် ပုံမှန်အဆက်အသွယ်ရှိပြီး၊ယင်းဒေသများနှင့်ချင်းပြည်နယ်တို့အပြန်အလှန်မျိုးစေ့ဖလှယ်ကြသည်။

ကော်မတီသည် လယ်သမားများအား မြို့နယ်အတွင်းရှိအခြေအနေအမျိုးမျိုးနှင့်ကိုက်ညီသည့် သီးနှံအမျိုးမျိုးကို စိုက်ရန် အားပေးအားမြှောက်ပြုပြီး ကျေးရွာအချင်းချင်းအကြား တိုက်ရိုက်လဲလှယ်သည့် စနစ်ပေါ်ပေါက်လာစေရန်လည်း အားထုတ်ကြိုးပမ်းကြသည်။ ဤသို့အားဖြင့် ချင်းပြည်နယ်ရှိ မြို့နယ်အဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည်၎င်းတို့ထိန်းချုပ်ရာနယ်မြေများ၏ စားနပ်ရိက္ခာလုံရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စိုက်ပျိုးရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိခြင်းဖြင့် တောလှန်ရေး ကြိုးပမ်းမှုများကို အားဖြည့်ပေးလျက်ရှိသည်။

## နေရပ်စွန့်ခွာသူများကို အကူအညီပေးခြင်း

ကျေးရွာတစ်ခုအတွင်းပညာရေး၊ကျန်းမာရေး နှင့် လူမှုကူညီရေးစနစ်များကို အားဖြည့်ကူညီပေးသည့်အပြင်(စာတမ်း (၁) ကိုကြည့်ပါ) ဒေသခံလူမှုကူညီရေးအသင်းများသည် နစက ၏ မီးရှို့ဖျက်ဆီးမှုနှင့်လက်နက်ကြီးပစ်ခတ်မှုကြောင့်ပျက်စီးသွားသော အနီးအနားကျေးရွာများ ပြန်လည်တည်ဆောက်ရေးနှင့်ဒုက္ခသည်ကယ်ဆယ်ရေးတို့ကိုလည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ဖြစ်စဉ် (၄) တွင် တင်ပြထားသည့်အတိုင်း လေ့လာမှုပြုခဲ့သည့် ရွာအချို့တွင် တပ်မတော်၏ မီးရှို့မှုနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့် နေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့နိုင်ရန် ကာလတိုအတွက် တစ်ပတ်စာအထိစားနပ်ရိက္ခာများကိုသိုလှောင်ထားကြသည်။ ယာယီစခန်းများဆောက်လုပ်နိုင်ရန်အတွက် လတ်တလော ခုတ်ထားသော သစ်အနည်းငယ်ကိုလည်း အရံသင့်ဆောင်ထားကြသည်။

စစ်ကိုင်းတိုင်းတွင်ယခင်ကတည်းက တည်ရှိခဲ့ သည့်ဖော်ရွေပျူငှာသည့် ဒေသဓလေ့ဖြစ်ခဲ့သဖြင့် ဤအပြန်အလှန်အမှီသဟဲပြုနိုင်မှုယန္တယားသည်တရားဝင်ဖြစ်လာခဲ့သည်။ အထူးသဖြင့် နေရပ်စွန့်ခွာ ကယ်ဆယ်ရေးဆောင်ရွက်နေသော ပရဟိတစေတနာ့ဝန်ထမ်းများ မကြာခဏ ဖော်ပြလေ့ရှိသော ဧည့်သည်များအပေါ်ဧည့်ဝတ်ကျေပွန်မှု ဓလေ့ပင်ဖြစ်သည်။ ပြင်းထန်သောပဋိပက္ခ၊ နေရပ်စွန့်ခွာထွက်ပေးရမှုနှင့် တောက်လျှောက်ဖြစ်ပေါ်နေသော နစကတော်လှန်ရေးအခြေအနေများ တွင် ဆယ်စုနှစ်ပေါင်းများစွာ အထိအခိုက် သက်သာစေရန်သုံးခဲ့သည့် ဤဓလေ့နှင့် စံနစ်များသည် ယခုအခါ လူမှုဘဝတည်ငြိမ်ရေးအတွက်အားဖြည့်ဆောင်ရွက်ရာတွင် အဓိကအရေးပါလာခဲ့ပါသည်။ အာဏာသိမ်းကတည်းကအားကောင်းသည့် အတွေးအခေါ်တစ်ရပ်အဖြစ် ဖြစ်ပေါ်လာသည့် ကျေးရွာများအကြားနှင့် (အချို့အခြေအနေတွင်)မြို့နယ်များအကြား အပြန်အလှန်အမှီသဟဲပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုက မီးမောင်းထိုးပြနေသည်မှာ လူမှုတည်ငြိမ်ရေးကို ဖော်ဆောင်နေသော တော်လှန်ရေးအတွင်းပေါ်ပေါက်လာသည့်စုဖွဲ့မှုပင်ဖြစ်ပြီး ယင်းစုဖွဲ့မှုသည် နစကကိုတော်လှန်ရုန်းကန်နေမှုအားကောင်းစေရေးအတွက်အရေးပါလှပါသည်။

### ဖြစ်စဉ် ၄ - တမူထူးခြားသော ချင်းပြည်နယ် နေရပ်စွန့်အရေး စီမံမှုမဟာဗျူဟာ

ကျေးလက်နှင့်မြို့ပြများရှိစစ်ရေးတိုက်ခိုက်မှုများကြောင့် ချင်းပြည်နယ်မှပြည်သူများသည် ဘေးကင်းလုံခြုံရေးအတွက်နီးစပ်ရာရွာများမြို့များသို့ထွက်ပေးတိမ်းရှောင်ရကာ အိန္ဒိယနိုင်ငံတွင် လည်းဒုက္ခသည်ခိုလှုံခွင့်ယူကြရသည်။ချင်းပြည်နယ်မြောက်ပိုင်းရှိရွာတစ်ရွာတွင် ရွာသူရွာသား များက ယင်းရွာရှိရာမြို့နယ်မြို့ပြဒေသနှင့် အခြားအနီးအနားမြို့မှ နေရပ်စွန့်ခွါသူ ၈၀၀ နှင့် ၁၀၀၀ ကြားကိုနေရာချထားပေးနိုင်ရန်စီစဉ်ထားသည်။ ကျေးရွာခေါင်းဆောင်များ၊ကော်မတီဝင်များနှင့် ဘာသာရေးခေါင်းဆောင်များက နေရပ်စွန့်ခွာအရေးကိုင်တွယ်ရေးနှင့် ကျေးရွာတိုးချဲ့လာမှုကိုညှိနှိုင်းဆောင်ရွက်ရန်အတွက် “ပြန်လည်နေရာချထားရေးကော်မတီ” ကိုဖွဲ့စည်းခဲ့သည်။ ကော်မတီက ရပ်ရွာအားလုံး နှင့်ဆွေးနွေးပွဲကျင်းပပြီးချက်ချင်းထောက်ပံ့ရန်လိုအပ်သည့်အရာများကိုဆွေးနွေးသည်။

ဤဆွေးနွေးပွဲမှစ၍ ကော်မတီသည် နေရပ်စွန့်ခွါမိသားစုများအတွက် စာသင်ကျောင်းအဆောက်အဦများ အတွင်း ယာယီနေရာချထပေးနိုင်ရန် စီစဉ်ခဲ့သည်။ အဆိုပါနေရပ်စွန့်ခွါများကို ရက်သတ္တပတ် အနည်းငယ် အတွင်းတွင် ၎င်းတို့၏လိုအပ်ချက်ပေါ်မူ တည်ပြီး အစီအစဉ်အမျိုးမျိုးဖြင့် တဖြည်းဖြည်းချင်း ပြန်လည် နေရာချထားပေးခဲ့သည်။ နစကတပ်၏အိမ်မီးရှို့ခြင်းခံရသော မြို့ပေါ်မှ နေရပ်စွန့်ခွါသူများကို ရွာတွင် ပုံသေ နေထိုင်ရန်စီစဉ်ပေးပြီး ရွာအစွန်မြေများပေါ်တွင် နေရာချထားပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။ မြေ ပိုင်ဆိုင်မှုကို အခြားသူများကိုလွှဲပြောင်း ရောင်းချခြင်းမပြုရန်စာချုပ်သဘောတူညီမှုဖြင့် မြေအသုံးချခွင့်ပြု ထားသည်။ ယာယီသာနေထိုင် ရန်ဆုံးဖြတ်ထားသော နေရပ်စွန့်ခွာများအတွက်မူ  ကော်မတီ ၎င်းတို့နေထိုင် ရန်နှင့် လုပ်ကိုင်စားသောက်ရန်၊ ယာယီခိုလှုံရန်နေရာနှင့် မြေကို စီစဉ်ပေးသည်။ နေရပ်စွန့်ခွာသူများ၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ရန် ရပ်ရွာပိုင်ဘုံရင်းမြစ်များကို စီမံခန့်ခွဲရန် ညှိနှိုင်းဆောင်ရွက် ပေးခြင်းအားဖြင့် ဒေသခံ လူမှုရေးနှင့် ဖူလုံရေးဆောင်ရွက်သူများ သည် နေရပ်စွန့်ခွါသူများအား အထောက် အပံ့ခံအခြေအနေကိုလျော့ပါးစေရန်ကူညီကာ ကိုယ်ထူကိုယ်ထ ထူထောင်နိုင်ရန်ဆောင်ရွက်ပေးကြသည်။

တော်လှန်ရေးအင်အားစုများနှင့်ဆက်စပ်နေသောကွန်ယက်များနှင့်ချိတ်ဆက်မှုမရှိသော ကျေးရွာ အချို့ရှိ လူမှုကူညီရေးအသင်းများသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် နေရပ်စွန့်ခွာသူများအကြပ်အတည်း နှင့်လုံးပမ်းနေ ရပြီး ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့များထံမှ မည်သည့် ထောက်ပံ့ မှုမျှရရှိထားခြင်းမရှိ ပေ။ အာဏာသိမ်းမှုမတိုင်မီကရှိခဲ့သော လွှဲပို့ငွေ ပို့ပေးမှုပုံစံဖြင့်သာ မြို့ကြီးများနှင့် နိုင်ငံခြားတွင်အလုပ်လုပ် နေသောမိသားစုဝင်များမှ လာသည့် ငွေနှင့်အထောက်အပံ့များသာလျင် ထိုလူမှုကူညီရေးအသင်းများအတွက် ပြင်ပမှလာသောအဓိကဘဏ္ဍာရေးအထောက်အပံ့ဖြစ်နေသည်။ လူအများအပြားက ၎င်းတို့၏ကျေးရွာများ သို့ ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာသူများအတွက်နှင့် နစကအာဏာရှင်ကို တွန်းလှန်နေ သည့် လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေရန်အတွက် ရည်ရွယ်ပြီး အပတ်စဉ်၊ လစဉ် ငွေလွှဲပို့ပေးနေ ပြီး   ထောက်ပံ့နေ ကြရသည်။ လာရောက်အခြေချသူညှော့်သည်များကို နေရာချထားပေးရေးအတွက် နိုင်ငံခြား ရောက်နေသူများ၏ ဘဏ္ဍာရေး ထောက်ပံ့မှုဖြင့် မျှဝေတာဝန်ယူရသော နည်းလမ်းတစ်ခုကို စစ်ကိုင်းတိုင်းရှိ လူမှုကူညီရေးအဖွဲ့တစ်ခု၏ ဖြေဆိုသူတစ်ဦးမှ ရှင်းပြထားသည်မှာ- -

> “၂၀၂၁ ဒီဇင်ဘာကနေ ၂၀၂၂ ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လတွေက စစ်ရှောင်တွေကို ကျွန်မ တို့တောက်လျှောက်ကျွေးနေရတာ။ အဲဒီလိုကာလကတော့ ကျွန်မတို့က ချက်ဖို့အချိန်မရ တော့ဘူးဆိုရင် ရွာထဲကို ထမင်းလေးတစ်အိုးလောက်ပိုချက်ပေး ပါဆိုလှည့်ပြောရတယ်။ ကျွန်မတို့ရွာက ဆန်လဲပေါတော့ အချိန်မရွေးထမင်းအလှူခံလိုက်တယ်။ နေရာကတော့ ဘုရားမှာနဲ့ စာသင်ကျောင်းမှာထားတယ်။ ၂နှပ်လောက်ကတော့ ကျွန်မက အိမ်ကနေချက် ကျွေးလိုက်တာပဲ။ ကျွန်မတို့ရွာကနေ တခြားမှာစီးပွားရှာပြီးငွေ ရေးကြေးရေးအဆင်ပြေတဲ့ သူတွေကနေပြီးတော့ လှူတာတွေရှိတယ်။”

အချို့အခြေအနေများတွင် ဒေသခံလူမှုကူညီရေးအဖွဲ့များမှ နေရပ်စွန့်ခွာပြည်သူများအတွက် အကူအညီ ပေးရန်ကြိုးပမ်းမှုများကို NUG က နစကတပ်များ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော ရွာများမှမိသားစုများကို ကူညီထောက်ပံ့ပေးနေသည့် အထောက်အပံ့ဖြင့် ဖြည့်စွက်နေရသည်။ အာဏာသိမ်းစဉ်ကတည်းကစ၍ တော်လှန်ရေးအင်အားစုများက ရင်းမြစ်များစီမံခန့်ခွဲခြင်းနှင့် ရှာဖွေခြင်းဆီသို့ကြီးမားကျယ်ပြန့်စွာ ပြောင်းလဲ လာမှုကို ထိုကြိုးပမ်းအားထုတ်မှုများက မီးမောင်းထိုးပြနေပေသည်။

# အပိုင်း (၃)

## ဒေသတွင်းစီးပွါးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ အခွန်ကောက်ခံခြင်းနှင့် တော်လှန်ရေးအင်အားစုများ

နယ်မြေစိုးမိုးထိန်းချုပ်နိုင်မှုအတိုင်းအတာ ပေါ်ကြီးမားစွာမူတည်လျက် စစ်ကိုင်းတိုင်း၊ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့ရှိတော်လှန်ရေးအင်အားစုများသည် ဒေသတွင်းရှိ လူမှုပြဿနာများနှင့် တော်လှန်ရေး ကြိုးပမ်းမှုကိုအားဖြည့်ရန်အတွက် ရန်ပုံငွေရရှိရန် စီးပွားရေးလုပ်ငန်းများအပေါ် မတူညီသော အခြေအနေ များဖြင့် အခွန် စည်းကြပ်နေကြရသည်။ ထိုသို့မတူညီသည့်အခြေအနေများ မှာ မတူညီသည့် အခွန်ကောက် ခံပုံ သဘော၊ သဘာဝ ( စီးပွားရေးလုပ်ငန်း၊ ပိုင်ဆိုင်မှုပစ္စည်း သို့မဟုတ် အိမ်ထောင်စု) နှင့် စနစ်တကျရှိ မှုအတိုင်းအတာ (အခွန်အဖြစ်သတ်မှတ်ထားသည့် ရှင်းလင်းတိကျစွာမူဘောင်ချထားသော ထည့်ဝင်မှု သို့မဟုတ် စေတနာသဒ္ဓါရှိသလောက်လှူဒါန်းခြင်း) တို့ဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ရခိုင်အမျိုးသားအဖွဲ့ချုပ် ULA သည် တော်လှန်ရေးအတွက်ဘဏ္ဍာငွေရရန် ၎င်း၏ကိုယ်ပိုင် တိုက်ရိုက်အခွန်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများအပေါ် စည်းကြပ်ခြင်းနည်းနှင့် နစကထိန်းချုပ်ထားသော မြို့နယ်များရှိမြို့ပြဒေသမှ ဒေသခံ စီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်သူ များထံမှ နစကအရာရှိ များက ကောက်ခံရရှိသည့် စည်ပင်သာယာရေးအခွန် ရငွေများကို ခွဲဝေရယူခြင်းစသည့် နည်း နှစ်နည်းအားဖြင့် အခွန်ငွေရရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်အချို့မှအပ ရခိုင်ပြည်နယ် အစိတ်အပိုင်းအတော်များများရှိ သာမန်ပြည်သူများ ကို ရခိုင့်တပ်တော်၏ လက်နက်ကိုင်တော်လှန်ရေး ကြိုးပမ်းမှုကိုအားဖြည့်ရန် အတွက်ရခိုင့်အမျိုးသားအဖွဲ့ ချုပ်၏ မျိုးချစ်ရန်ပုံငွေသို့ လစဉ်လှူဒါန်းကြရန် မျှော်မှန်းတိုက်တွန်း ထားသည်။ ထိုအစီအစဉ်အရ မိသားစု တိုင်းကို တစ်လလျင် ပုံသေနှုန်း ၃၀၀၀ ကျပ်ထည့်ဝင်ကြရန် တိုက်တွန်းထားသည်။ အတင်းအကျပ်ထည့်ဝင် ခိုင်းခြင်းမျိုးမဟုတ်ပဲ လတ်တလောတွင် မိသားစုများ အနေဖြင့် လစဉ်ထည့်ဝင်မှုကို ထည့်ဝင်နိုင်ခြင်းရှိမ ရှိ ၎င်းတို့ဘာသာဆုံးဖြတ်စေသည်။ ထိုထည့်ဝင်မှု ကို ULA/AA၏ နိုင်ငံရေးစစ်ရေးလှုပ်ရှားမှုနှင့် အခြေခံပြည် သူများအကြား တိုက်ရိုက်ပတ်သက်မှုကို ဖြစ်ပေါ်စေမည့်ရည်ရွယ်ချက်ဖြင့်ကောက်ခံသည့် အခွန်မျိုးမဟုတ် ပဲ အလှူသဘောမျိုးသက်ရောက် စေသည့် ပုံစံဖြစ်ပါသည်။ ရခိုင်အမျိုးသားအဖွဲ့ချုပ်၏ကျေးရွာအုပ်ချုပ်ရေး မဏ္ဍိုင်အဖွဲ့ဝင်များဖြစ် သည့် “အမာခံ” များသည် မျိုးချစ်ရန်ပုံငွေ ကောက်ခံခြင်းနှင့် ရခိုင်အမျိုးသားအဖွဲ့ချုပ် ဒေသအုပ်ချုပ်ရေးမှူးများထံ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရာတွင် အဓိကကျသည့်အခန်းမှ ပါဝင်ကြသည်။ မျိုးချစ်ရန်ပုံငွေကိုထည့်ဝင်ခိုင်းခြင်းထက် တိုက်တွန်းနှိုးဆော်သည့် နည်းလမ်းကို အမာခံတစ် ဦးကရှင်းပြသည်မှာ-

> “မျိုးချစ်ရန်ပုံငွေက ရပ်ရွာကထည့်ဝင်မှုတစ်ခုပါ။ ကျွန်တော်တို့က ဖိအားပေး ကောက်ခံတာ မျိုးမလုပ်ဘူး၊ သူတို့ရဲ့ ထည့်ဝင်လိုတဲ့ဆန္ဒပေါ်မူတည်ပါတယ်။ ဥပမာ - တချို့ ဝင်ငွေနည်း တဲ့ မိသားစုတွေကထည့်ဝင်လိုပေမယ့် သူတို့ရဲ့စားဝတ်နေရေးအခက်အခဲကြောင့် ဒီလမှာမ ထည့်ဝင်နိုင်ဘူးဆိုရင်လဲ ကျွန်တော်တို့မကောက်ခံပါဘူး၊ နောက်နောင်ထည့်ဝင်နိုင်အောင် ကြိုးစားပေးဖို့ပဲပြောပါတယ်”

ULA၏ဝင်ငွေရလမ်းတစ်ခုဖြစ်သော ဗဟိုချုပ်ကိုင်ထားသည့် မျိုးချစ်ရန်ပုံငွေ၏ ရေရှည်ရရှိနိုင်မှု မှာမရှင်းလင်း ပေ။ ဖြေဆိုသူအချို့မှမှတ်ချက်ပေးသည်မှာ အမာခံများနှင့် ကျေးရွာအုပ်ချုပ်ရေးကော်မတီများအတွင်းရှိ အဆင့်နိမ့်အရာရှိများသည် မျိုးချစ်ရန်ပုံငွေကောက်ခံ ရာတွင် အလွဲသုံးစားမှုများရှိသည်ဟုဆို၏။ထည့်ဝင်ငွေ များကို ဒေသခံအရာရှိများက လျှော့ပေါ့ အစီ ရင်ခံကြပြီး ပိုငွေများကို ၎င်းတို့အိတ်ထဲထည့်သည်ဟုဆိုသည်။ ထိုဖြစ်ရပ်များသည် ရပ်ရွာလူ့အဖွဲ့အစည်းများမှ မျိုးချစ်ရန်ပုံငွေကိုထည့်ဝင်လိုသည့် စိတ်ဆန္ဒကို ထိခိုက်စေ ပါသည်။ အခြားဖြေဆိုသူများ၏တွေ့ရှိချက်မှာ ၂၀၂၀ ဒီဇင်ဘာလမှစသည့် ရခိုင့်တပ်တော်နှင့် တပ်မတော် အကြား အပစ်ရပ်ကာလအတွင်း တည်ထောင်လာခဲ့သည် ရခိုင်အမျိုးသားအဖွဲ့ချုပ် တရားရုံးများတွင် တရားရုံး

ခဲ့ကြသည့် ပြည်သူများသည် တရားရုံးဆုံးဖြတ်ချက်များကို မကျေမနပ် ဖြစ်နေနိုင်၍ မျိုးချစ်ရန်ပုံငွေကိုထည့်ဝင်ရန် ငြင်းဆန်မှုများတိုးပွားလာခြင်း ဖြစ်နိုင်သည်ဟုသိရ၏။

ဖြေဆိုသူအချို့ကမှတ်ချက်ပြုသည်မှာ မျိုးချစ်ရန်ပုံငွေ ကောက်ခံခြင်းနှင့် အသုံးပြုရာတွင် ULA ၏ အောက်ခြေဝန်ထမ်းများအကြားရှိ အကျင့်ပျက်ခြစားမှုနှင့် ဆွေမျိုးစု ကောင်းစားရေး အယူအဆများကြောင့် လူအချို့၏ထည့်ဝင်လိုစိတ်ကို ပျက်စီးသွားစေသည်ဟု သည်။ အာဏာသိမ်းမှုအလွန် စီးပွါးရေးကျပ်တည်းမှုထပ်ပေါင်းလိုက်သည့်အခါ ထိုယုံကြည်မှု အကြောင်းရင်းခံသည် ၂၀၂၁ နှင့် ၂၀၂၂ ကြားမျိုးချစ်ရန်ပုံငွေ ရရှိမှုကို ၂၀% မှ ၃၀% ထိ ကျဆင်းသွားကြောင်း ULA အခွန်အရာရှိတစ်ဦးကပြောသည်။ ၂၀၁၉ တွင် အခြေတည်ခဲ့သည့် အစီအစဉ်ကိုအခြေပြုလျက် ULA သည် ၂၀၂၂ အစောပိုင်းမှစ၍ ရခိုင်မြောက်ပိုင်းကို ဦးတည်ထားကအမိကစီးပွားရေး ကဏ္ဍများမှ စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်အခွန်စည်းကြပ်ခဲ့သည်။ ယင်းသို့စည်းကြပ်မှုသည် အခွန်စည်းကျပ်မှု စနစ်တစ်ရပ်ကို တည်ထောင်လိုသည့် ကြီးမားသည့်ရည်မှန်းချက်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အကျိုးဆက်အနေဖြင့် မြို့နယ်များအတွင်းရှိ နစကထိန်းချုပ်ထားသော မြို့ပြဗဟိုချက်များ၏ ပြင်ပဖြစ်သော အထူးသဖြင့်ရခိုင်မြောက်ပိုင်းကျေးလက်ဒေသမှမိသားစုများသည် နစက၏အခွန် များကို အနည်းငယ်သာပေးခြင်းသို့မဟုတ် မပေးပဲနေကြသည်။ ထိုဒေသများရှိ ULA အဓိကထားသောအခွန်များမှာ ခရီးသည်ပို့ဆောင်ရေးလိုင်းကားများ၊ ကူးတို့သင်္ဘောများ၊ ပုစွန်ကန်များ၊ ကုန်သွယ်ရေး၊ မြို့ပေါ်ရှိ အဖျော်ယမကာနှင့် ရွှေဆိုင်များ နှင့် ရခိုင်မြောက်ပိုင်းမှ ဓာတ်ဆီဆိုင်များ ဖြစ်သည်။ အခွန်အခများသည် ကဏ္ဍအလိုက်နှင့် ULA ကွပ်ကဲမှု ဒေသ (၇) ခုအကြားတွင် ကွဲပြားခြားနားမှုရှိသည်။ အခွန်အခအများစုကို လစဉ်ကောက်ခံပြီး လုပ်ငန်းအရွယ်အစားနှင့် အမြတ်ရရှိမှုအပေါ် မူတည်ပြီး ကွဲပြားခြားနားမှုရှိသည်။ လေ့လာမှုပြုခဲ့သည့် မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာ အရက်ဆိုင်/လဘက်ရည်ဆိုင်ဆိုလျှင် ဆိုင်အရွယ်အစားပေါ်မူတည်၍ တစ်လလျှင် ၁၅၀၀၀ကျပ်ကောက်ခံပြီး၊ အုတ်စက်ရုံများကို အုတ်အထွက်၏ ၂% ကိုကောက်ခံကာ (အုတ်တလုံးလျှင် ၁၀၀ကျပ်) ကူးတို့သင်္ဘောများကို ကျပ်ငွေ ၁သန်းခန့် (တစ်နှစ်လျှင်၄၈၀ ဒေါ်လာခန့်) ကိုလစဉ်ခွဲ၍ကောက်သည်။

ဖြေဆိုသူများကမှတ်ချက်ပြုသည်မှာ ULA ကအချို့ကွပ်ကဲမှုဇုန်များ၌ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စဆောင်ရွက်မှုများအပေါ် အခွန်စည်းကြပ်သည်။ သို့သော် ဒေသများအကြား၌ ကွဲပြားမှုတော့ရှိသည်။ အချို့ကိစ္စများတွင်မူ ULA ကိုယ်စားလှယ်များသည် အရောင်းစာချုပ်များ၌ လက်မှတ်ထိုးပေးသော်လည်း အိမ်ခြံမြေကဏ္ဍပေါ်တွင် အခွန်စည်းကြပ်ခြင်းမရှိပေ။ ULA သည် သစ်ကုန်ကူးခြင်းကဲ့သို့သော တန်ဖိုးမြင့်သည့် ဆောင်ရွက်မှုများတွင် အခွန်ကောက်ခံပြီး အခွန်ပေးသူ များအား ငွေလက်ခံပြေစာထုတ်ပေးသည်။ အာဏာသိမ်းမှုအလွန် တရားဝင်ဖြစ်မှု မသေချာသော အခြေအနေတွင် အချို့လုပ်ငန်းရှင်များသည် ဆိုခဲ့ပါအခွန်များကို ULA သို့အာမခံကြေးပုံစံဖြင့်ပေးသွင်းလိုကြသည်။ ရခိုင်ပြည်နယ်မှ ULA ဒေသအခွန်အရာရှိတစ်ဦးပြောပြသည်မှာ “တချို့လူတွေကတော့ သူတို့လုပ်ငန်းတွေကို သင့်တော်တဲ့ အသိအမှတ်ပြုမှုလိုချင်လို့ အခွန်တွေကိုပေးသွင်းချင်ကြပါတယ်။ ULA နဲ့သူတို့ရဲ့ ဆက်ဆံရေးပေါ်မှာလဲမူတည်နေပါတယ်”။

ULA ကရခိုင်ပြည်နယ်တောင်ပိုင်းတွင် ကူးတို့သင်္ဘောများ၊ အုတ်ဖုတ်လုပ်ငန်းများနှင့် သားသတ်လုပ်ငန်းများမှလည်းအခွန်ကောက်ခံပါသည်။ သို့သော် အကန့်အသတ်ဖြင့်သာကောက်ခံ နိုင်ပါသည်။ ULA ကလာမည့်လများအတွင်း ၎င်း၏စီးပွားရေးလုပ်ငန်းများအပေါ် အခွန်ကောက်ခံမှုကို တိုးချဲ့ရန်စီစဉ်နေပြီး၊ ၎င်းတို့ထိန်းချုပ်ထားရာနှင့် အားကောင်းသောရွာများရှိရာ ရှိ ဆန်စက်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် စတိုးဆိုင်နှင့် ဆိုင်ကြီးထံမှကောက်ခံရန်ဖြစ်သည်။ ULA အုပ်ချုပ်ရေးမှူးများသည် အခွန်ကောက်ခံမှု အပြည့်အဝဆောင်ရွက်နိုင်ရေး ပြင်ဆင်သည့်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့ကြီးများနှင့် မြို့ပြဒေသရှိ စီးပွါးရေးလုပ်ငန်း များကိုစစ်တမ်းကောက်ပြီးပြီဖြစ်သည်။ ULA၏ အခွန်ကောက်ခံမှုစနစကိုတိုးချဲ့ရန်ရည်ရွယ်ချက် ကို ၎င်း၏အဓိကထောက်ခံသူများဖြစ်သည့် အမာခံများမှတဆင့် မြို့ခံများနှင့် လုပ်ငန်းရှင်များကို အ ကြောင်းကြားထားပြီးဖြစ်သည်။ လူအများအပြားကလည်း ရက္ခိတလမ်းစဉ်ကို ထောက်ခံသည့် အနေဖြင့် အခွန်ပေးရန်အဆင်သင့်

ဖြစ်နေသည့်အခြေအနေရှိသည်။

နစကစစ်တပ်ထိန်းချုပ်မှုအောက်တွင်ရှိသော ရခိုင်ပြည်နယ်တလွှားရှိ မြို့ပြဒေသများတွင် စည်ပင် သာယာရေးအာဏာပိုင်များသည် အခွန်များကိုဆက်ကောက်လျက်ရှိသည်။ ဖြစ်စဉ်-၅တွင်ဆွေးနွေး ထားသည့်အတိုင်း မြောက်ပိုင်းရှိ ULA တာဝန်ရှိသူများသည် နစက စည်ပင်ဌာနမှ ကောက်ခံရရှိသော အခွန်ငွေများကို အညီအမျှခွဲယူရန် စည်ပင်အရာရှိများနှင့် တိုက်ရိုက်ညှိနှိုင်းခဲ့သည်။

## ဖြစ်စဉ် ၅ - ရခိုင်ပြည်နယ်တွင် နစက-ULA ကြားစည်ပင်ခွန်ခွဲဝေမှု

ရခိုင်ပြည်နယ်ရှိတမူထူးခြားသော အခွန်ကောက်ခံခြင်းဆိုင်ရာ အခြင်းအရာတစ်ရပ်မှာ စည်ပင်ဌာနမှအရာရှိများ မြို့ပြဒေသတွင် ကောက်ခံရရှိသော စည်ပင်ခွန်များကို ၅၀-၅၀ ခွဲယူရန် ULA က နစက ဝန်ထမ်းများနှင့် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။ ULA ၏ထောက်ခံမှုဖြင့် နစက သည် ရခိုင်ပြည်နယ်တဝှမ်းရှိ မြို့နယ်များ၏ မြို့ပြများတွင် အခွန်ဆက်လက်ကောက်ခံလျက်ရှိပြီး ကောက်ခံသည့်အခွန်ပုံစံများမှာ ကျေးရွာများမှ မြို့များသို့ပြေးဆွဲသည့် ကူးတို့/ခရီးသည်တင် သင်္ဘောများ၊ ဈေးတွင် မီးဖိုချောင်သုံးပစ္စည်းများရောင်းချခြင်း၊ သားသတ်လိုင်စင် (ဝက်နှင့်အမဲ) တို့အပေါ်တွင် ကောက်ခံသောအခွန်များဖြစ်သည်။ နစက အရာရှိများက စီးပွားရေးလုပ်ငန်းများမှ ကောက်ခံရရှိသော အခွန်ပမာဏကို မှတ်တမ်းတင်ထားပြီး ယင်းမှတ်တမ်းပေါ် အခြေခံတွက်ချက်၍ အခွန်ရငွေ ၅၀% ကို ULA အုပ်ချုပ်ရေးမှူးများကိုပေးအပ်သည်။ ပေးဆောင်သူများသည် နစကအရာရှိများထံမှာ ငွေလက်ခံပြေစာကို ဆက်လက်ရရှိနေပြီး၊ ULA အဆင့်နိမ့်အရာရှိများမှပါ ကောက်ခံသော အခွန် နှစ်ကြိမ်ပေးရသည့်အခြေအနေကို လျှော့ချပေးပါသည်။




**ပုံ ၁ - ရခိုင်ပြည်နယ်တွင် ULA ၏ အခွန်ဘဏ္ဍာ ရှာဖွေသည့်ပုံစံ**

ပုံ (၁) တွင်ပြထားသည့်အတိုင်း ULA နိုင်ငံရေးအရာရှိ/တာဝန်ခံ လက်အောက်ရှိ ဒေသအခွန်အရာရှိက ULA အခွန်ကောက်ခံမှုကိုကိုင်တွယ်သည်။ ဘဏ္ဍာငွေများကို ULA စစ်ရေးကွပ်ကဲမှု ဒေသအုပ်ချုပ်ရေးအရာရှိထံသို့

တိုက်ရိုက်ပို့ဆောင်သည်။ (စာတမ်း (၁) တွင်ကြည့်ပါ) ULA သည်၎င်း၏ အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ရန်ကြိုးပမ်းနေသည့်အားလျော်စွာ၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး/မူဝါဒ နှင့် စစ်ရေးကွပ်ကဲမှု ဆိုင်ရာအဖွဲ့များကို ခွဲခြားထားသည့် ပုံစံမျိုးဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းပုံစံကို အကောင်အထည်ဖော်ရန်အတွက် ULA သည် စစ်ရေးကွပ်ကဲမှု ဒေသအဆင့်တွင် အုပ်ချုပ် ရေးမှူးများခန့်အပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။ ထို့ကြောင့် အချို့ဒေသများရှိ အခွန်အရာ ရှိများကို ဒေသအုပ်ချုပ်ရေးမှူးများ၏ စီမံခန့်ခွဲမှုအောက်သို့ ပြောင်းရွှေ့ပေးလိုက်ပြီး၊ အချို့အရာရှိများမှာ နိုင်ငံရေးအရာရှိ/တာဝန်ခံများ၏ ညွှန်ကြားမှုအောက်တွင်ရှိနေသေးသည်။ နစက၏ ဝန်ဆောင်မှုများသည် ရခိုင်ဒေသ အတော်များများတွင် လည်ပတ်လျက်ရှိနေသေးရာ၊ ULA အခွန်ကောက်ခံမှုမှရငွေများကို လတ်တလောတွင် ရခိုင့်တပ်တော် (AA) ၏ စစ်ရေးစွမ်းရည်ဖွံ့ဖြိုးရေးအားကောင်းလာစေရန် အဓိကသုံးစွဲလျက်ရှိသည်။ သို့ရာတွင် ULA ဇုန်အုပ်ချုပ်ရေးမှူးတစ်ဦးကပြောသည်မှာ ယင်းရငွေများကို အနာဂတ်တွင် ကျယ်ပြန့်သော ဝန်ဆောင်မှုများတွင် အသုံးပြုသွားရန်ရှိသည်ဟုဆိုသည်။

## စစ်ကိုင်းတိုင်း

အလှူငွေ၊ ထောက်ပံ့ကူညီငွေ၊ ကိုယ်ပိုင်စိုက်ထုတ်ငွေနှင့် ပစ္စည်းပစ္စယလှူဒါန်းမှုများသည် စစ်ကိုင်းတိုင်းရှိ PDF များထိန်းချုပ်ထားသည့် ရပ်ရွာများ၏ စီးပွားရေးအတွက် အခရာကျပါသည်။ အရပ်သားအများစုသည် နစက၏ဥစ္စာပစ္စည်းများ၊နေအိမ်များ၊ပိုင်ဆိုင်မှုများကိုဖျက်ဆီးမှု၊ ဒဏ်ကိုဆိုးဆိုးရွားရွားခံထားကြရသောကြောင့် ဒေသတွင်း တော်လှန်ရေးအင်အားစုများနှင့် အုပ်ချုပ်ရေးမှူးများ သည် ရွာသားများထံမှ ငွေကြေးမကောက်ခံကြရန် ကျယ်ကျယ်ပြန့်ပြန့် သဘောတူထားကြသည်။ ထို့ကြောင့် စကစဘက်မှမဟုတ်သည့် ဒေသခံ လူမှုကူညီရေးဆောင်ရွက်သူများသည် အခြေခံလူမှုဝန်ဆောင်မှုများ အတွက်သုံးရန် ရငွေအနည်းဆုံး အခြေအနေနှင့် လုပ်ဆောင်နေရသည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းဆရာများသည် ဆွေမျိုးများ၊မိတ်ဆွေများ နှင့် ဒေသခံဈေးဆိုင်များ သို့မဟုတ် ကုန်သည်များထံမှ ချေးငွေယူပြီး အိတ်စိုက်ဆောင်ရွက်နေကြရပြီး လာမည့်နှစ်များအတွင်း တည်ရှိနေမည့် ကြွေးဝက်ဘာပင် ဖြစ်ပေသည်။

အပိုင်း (၂) တွင်ဆွေးနွေးထားသည့်အတိုင်း၊ CDM ဝန်ထမ်းများအပါအဝင် နေရပ်စွန့်ခွာဒေသခံများ၊ တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး စေတနာ့ဝန်ထမ်းများ၏ အရေးကြီးလိုအပ်ချက်များကို ကျေးရွာတွင်းသို့မဟုတ်အနီးပတ်ဝန်းကျင်မှ အပြန်အလှန်ကူညီမှုများနှင့် ပစ္စည်းပစ္စယ လှူဒါန်းမှုများနှင့် ဖြေရှင်းနေရသည်။ လေ့လာမှုပြုခဲ့သည့် အခြေအနေအချို့တွင်သာ အဓိကချွင်းချက်တစ်ရပ် အနေဖြင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီများက ကျေးရွာရှိ အရက်ဖိုများမှ အခွန်ကောက်ခံနေခြင်းဖြစ်သည်။ အရက်အပေါ်ကောက်ခံသော ယင်းယစ်မျိုးခွန်မှ ရသော ရငွေများကို ကျောင်းဆရာများ၏ စားဝတ်နေရေး ထောက်ပံ့နိုင်ရန် ဒေသတွင်းရှိ ကျောင်းများသို့ တိုက်ရိုက်ပေးပါသည်။ အချို့ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် နစကနှင့်ဆက်စပ်နေသော သို့မဟုတ် စစ်တပ်ပိုင်လုပ်ငန်းများမှ ထုတ်ကုန်များ(ယင်းထုတ်ကုန်များသည် စိုက်ပျိုးရေးအတွက် အရေးပါသည့်သွင်းအားစုများဖြစ်သည့်တိုင်) ရောင်းဝယ်ဖောက်ကားခြင်းကို တင်းတင်း ကျပ်ကျပ်တားမြစ်ထားသည်။ ထိုထုတ်ကုန်များကို ရောင်းဝယ်ခြင်း၊သုံးစွဲခြင်းကို တွေ့ရှိပါက ဒဏ်ငွေတပ်ပြီး ယင်းဒဏ်ငွေများကို လူမှုကူညီရေးလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်း ဆရာများအတွက် အသုံးပြုသည်။

ကျေးရွာအဆင့်အထက်ပိုင်းတွင်၊ လွန်ခဲ့သည့်နှစ်အတွင်း စစ်ကိုင်းတိုင်းအတွင်းရှိ တော်လှန်ရေးအဖွဲ့ များသည် တန်ဖိုးမြင့်ကုန်စည်များကို ထုတ်ယူ/ထုတ်လုပ်သည့်နေရာနှင့် မြို့နယ်များအကြားဖြတ် သန်းစဉ် အခြေအနေနှစ်ရပ်လုံးတွင် အခွန်ကောက်ခံလာကြသည်။ အခွန်ကောက်ခံမှုသည် ဒဏ်ကြေးပုံစံနှင့် အခွန်အကောက်ပုံစံနှစ်မျိုးလုံးဖြစ်ပြီး၊ အထူးသဖြင့် သစ်ထုတ်လုပ်ငန်းနှင့် ရွှေတွင်း များကဲ့သို့သော ထုတ်ယူသည့်လုပ်ငန်းများပေါ်တွင် စည်းကြပ်ခြင်းဖြစ်သည်။ မြို့နယ်အဆင့်အခွန် ကောက်ခံမှုနှင့် ကျေးရွာအဆင့်အခွန်ငွေရရှိမှုနှင့် ရင်းမြစ်




**ပုံ ၂ - စစ်ကိုင်းတိုင်းတွင် တော်လှန်ရေးအင်အားစုများ၏ ဘဏ္ဍာငွေ ရှာဖွေသည့်ပုံစံ**

ရှာဖွေမှု၊ လူမှုကူညီရေးလုပ်ငန်းများ၏ ဆက်သွယ်ပုံကို ပုံ (၂) တွင် ဖော်ပြထားပါသည်။

ပစ္စည်းပိုင်ဆိုင်မှုနှင့်ရင်းမြစ်အမျိုးမျိုးအပေါ် ဒေသခံတပ်ဖွဲ့များနှင့်ဆက်စပ်နေသည့် အုပ်ချုပ်သူ များအကြား ပြုမူဆောင်ရွက်ပုံများ ကွဲပြားခြားနားသောကြောင့် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်း များမှာ ရောထွေးနေပြီး တသမတ်တည်းမရှိပေ။ ဥပမာအနေဖြင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ် ဖွဲ့အများစုသည် နစက က ထုတ်ပေးထားသော သစ်ထုတ်လုပ်ခွင့်လိုင်စင်၏တရားဝင်မှုကို အသိအမှတ် မပြုပေ။ ထို့ကြောင့် အာဏာမသိမ်းမီက ခုတ်လှဲထားသော သစ်များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထိန်းချုပ်သော ဒေသများရှိ စစ်ဆေး ရေးဂိတ်များကိုဖြတ်သန်းသည့်အခါ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များက အခွန်ကောက်ခံပြီး ပြေစာ ထုတ်ပေးသည်။ NUG ၏သစ်သယ်ဆောင်မှုဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာသည့်သဘော ဖြစ်သည်။ သို့ရာတွင် ရင်းမြစ်ရှာဖွေမှုသည် ဒေသအခြေအနေပေါ်အထူးမူတည်နေခြင်းနှင့် အခြားနယ်မြေများမှ ပြည်သူ့ကာကွယ်ရေးတပ်များသည် NUG ၏မူဝါဒများကိုလိုက်နာသည့်တိုင် အောင် အခြားကာကွယ်ရေးတပ်များမှထုတ်ပေးသော အခွန်ပြေစာများကို အသိအမှတ်မပြုသည့် ကိစ္စရပ်များလည်းရှိသည်။ ထို့ကြောင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တစ်ဖွဲ့ စိုးမိုးသော ဒေသရှိ အုပ်ချုပ်ရေးပိုင်းကအခွန်ကောက်ခံထားသောသစ်များကို အနီးအနားမြို့နယ်များမှ အခြားအဖွဲ့များ ကသိမ်းယူပြီး နေရပ်စွန့်ခွာများအတွက် အိမ်များစာသင်ကျောင်းများ ဆောက်လုပ်ရန် အသုံးပြုသည်။ ဖြစ်စဉ် ၆ တွင် ဆွေးနွေးထားသည့်အတိုင်း၊ NUG ၏လမ်းညွှန်ချက်များနှင့် သွေဖည်နေသော်လည်း တော်လှန်ရေးအားကောင်းစေရန်အတွက် သစ်ထုတ်လုပ်မှုမှရရှိသော ဝင်ငွေအပေါ် မှီခိုနေရသည့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များလည်းရှိသည်။

## ဖြစ်စဉ် ၆ - တော်လှန်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် အငြင်းပွားဖွယ် စီးပွားရေးစည်းမျဉ်းစည်းကမ်းများ

စစ်ကိုင်းတိုင်းတွင် NUG အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်များနှင့်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ များသည် အုပ်ချုပ်ရေးအားဖြင့် ပိုမိုလုပ်နိုင်ကိုင်နိုင်ရှိလာကြပြီး ၎င်းတို့ထိန်းချုပ်ထားသော နယ် မြေများတွင် သဘာဝသယံဇာတနှင့် ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းဆိုင်ရာ မူဝါဒများကို စတင်အကောင်အထည်ဖော်လာကြသည်။ စီးပွားဖြစ်သစ်လုပ်ငန်းနှင့် သစ်မှောင်ခိုလုပ်ငန်းဖြစ်သည့် သစ်မှာထုတ်လုပ်ခြင်း ကိုတားမြစ်ပြီး မိမိတို့ခရိုင်အတွင်း ဒေသတွင်းသုံးစွဲရန် သစ်မှာထုတ်လုပ်မှုကိုသာခွင့်ပြုသည့် အပြန်အလှန်သဘောတူညီချက်ကို NUG နှင့် တော်လှန်ရေးအဖွဲ့ အများစုကြားတွင်ထားရှိသည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့လက်အောက်ရှိ သဘာဝသယံဇာတကော်မတီသည် သယံဇာတများ ထုတ်ယူမှုကို စီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခံခြင်းနှင့် တရားမဝင်ဆောင်ရွက်မှုများကို

အရေးယူခြင်း တို့အတွက် တာဝန်ယူထားသည်။ ဆယ်စုနှစ်များစွာအတွင်း ကျွန်းသစ်ကဲ့သို့သော တန်ဖိုးကြီးသစ်မာများ တရားမဝင် ခုတ်လှဲခြင်း၊ ရောင်းဝယ်ခြင်းသည် စစ်ကိုင်းတိုင်းမြောက်ပိုင်း ကျေးလက်လူ့အသိုက်အဝန်းအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်နေခဲ့သည်။ NUG သယံဇာတကော်မတီကထုတ်ပြန်ရန် ကြိုးပမ်းနေသည့် သယံဇာတထုတ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များသည် မြို့နယ် NUG တာဝန်ရှိသူများ နှင့် ဒေသခံပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်များအကြား တင်းမာမှုများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ကျေးရွာအဆင့်တွင်ဖြစ်သည်။ ကျေးရွာတစ်ရွာအပေါ် NUG သယံဇာတကော်မတီ၏ စုံစမ်းစစ်ဆေးမှုကာလအတွင်း၊ အချို့သစ်စက်များကို အနီးအနားမှခုတ်ယူထားသော သစ်လုံးများကို အဆင်သင့်စုစည်းထားစေသည်။

သယံဇာတကော်မတီမှ ကိုယ်စားလှယ်များက ၎င်းတို့၏ပစ္စည်းကိရိယာများကို သိမ်းဆည်းသည့် အခါတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက NUG ဦးဆောင် သည့် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကော်မတီ၏အရေးယူဆောင်ရွက်မှုကိုဆန့်ကျင်ကြပြီး၊ ဒေသခံရပ်ရွာများ၏ ဝင်ငွေသည် သစ်မာထုတ်လုပ်ရေးအပေါ်မှီခိုနေရသည့်အခြေအနေကို အခြေပြုလျက် NUG သယံဇာတကော်မတီကိုဝေဖန်ထောက်ပြကြသည်။ ထိုအဖြစ်အပျက်သည် ဒေသခံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးကိုယ်စားလှယ်များအကြား ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးမှုဆီဦးတည်စေခဲ့သည်။ မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးစစ်ဆေးရေးအဖွဲ့က သိမ်းဆည်း ထားသော ကိရိယာများကို ပြန်ပေးခဲ့သော်လည်း၊ နောက်ပိုင်းတွင် ထိုသစ်မာများကိုရွာပြင်သို့ သယ်ယူပို့ဆောင်မှုကို တားဆီးရန် ၎င်းတို့(မြို့နယ်အုပ်ချုပ်ရေး)၏ လမ်းမကြီးများကိုထိန်းချုပ် ထားနိုင်မှုကိုအသုံးချခဲ့သည်။ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးကပြောပြသည်မှာ ဤအ ရေးယူဆောင်ရွက်မှုသည် ၎င်းတို့ခရိုင်အတွင်းတရားမဝင် သစ်ထုတ်လုပ်မှုကိုထိန်းချုပ်ရန် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပြီး၊ ယင်းကိစ္စကိုကင်းလွတ်ခွင့်ပေးလိုက်လျှင် အခြားရွာများကိုလည်း ဤလုပ်ရပ်မျိုးလုပ်ရန် အားပေးသကဲ့သို့ဖြစ်သွားမည်ဟုဆိုသည်။ ဒေသခံတော်လှန်ရေးတပ်ဖွဲ့ များနှင့် အုပ်ချုပ်သူများ၏အမြင်ကမူ ဒေသခံများ၏စားဝတ်နေရေးကိုထိခိုက်စေမည့် စည်းမျဉ်း စည်းကမ်းများကို သင့်တော်သည့် ညှိနှိုင်းတိုင်ပင်မှုမျိုးမလုပ်ပဲချမှတ်ခဲ့ပါက နစကကိုတော်လှန် နေသည့်လှုပ်ရှားမှုကို ဦးဆောင်သူဖြစ်သည့် NUG အတွက် ဒေသခံများ၏ ထောက်ခံမှုကို ပျက်စီး စေနိုင်သည့် အန္တရာယ်ရှိလာမည်ဟုဆိုသည်။

ဒေသခံတော်လှန်ရေးနှင့် လူမှုကူညီရေးလုပ်ဆောင်နေသူများထံ ရင်းမြစ်များအကန့်အသတ်ဖြင့်သာ ထောက်ပံ့ပေးမှု၊ မြို့နယ်အဆင့်စည်းကြပ်ထားသောအခွန်များကို သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုမရှိ ခြင်းတို့သည် ယင်းလုပ်ပိုင်ခွင့်များအပေါ် အမြင်သဘောထားများကို ဘေးမကင်းစွာ သက်ရောက်မှု ဆိုးဝါးနေသည်။ စစ်ကိုင်းတိုင်းရှိ ငါးလုပ်ငန်းအခွန်အပေါ်လေ့လာထားသော ဖြစ်စဉ် ၇ ကဤပြသ နာကိုဖော်ထုတ်ထားသည်။

## ဖြစ်စဉ် ၇ - စစ်ကိုင်းတိုင်းတောင်ပိုင်း ငါးလုပ်ငန်းအပေါ်အခွန်ကောက်ခံမှု

စစ်ကိုင်းရှိတော်လှန်ရေးအဖွဲ့များသည် သစ်ထုတ်လုပ်ငန်းနှင့် ရွှေလုပ်ကွက်၊ ဒေသခံအရက်ဖို နှင့် ငါးဖမ်းခွင့်လိုင်စင်တို့ကဲ့သို့သော စီးပွားရေးလုပ်ငန်းအနည်းငယ်ထံမှ အခွန်ကောက်ခံသည်။ စစ်ကိုင်းတောင်ပိုင်းရှိမြို့နယ်တစ်ခုတွင် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က NUG မှလမ်းညွှန် ချက်များကိုလိုက်နာလျက် ငါးလုပ်ငန်းအပေါ်အခွန်ကောက်ခံသည်။ မြို့နယ်အတွင်း ငါးဖမ်းခွင့် လိုင်စင် ၅၂ ခုရှိသည့်အနက်၊ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ငါးဖမ်းခွင့်နယ် ၃၀ ရှိလိုင်စင်များကို အခွန်ကောက်ခံရန် စီမံပြီး ကျပ်ငွေ သန်း ၄၀ (ဒေါ်လာ ၂၀,၀၀၀ ခန့်၊ ၂၀၂၂တွင် ကောက်ခံရရှိသည့် ရငွေစုစုပေါင်း၏ သုံးပုံနှစ်ပုံရှိသည်) ရရှိခဲ့သည်။ ရငွေများကို ဒေသခံကာကွယ် ရေးတပ်များ၊ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်အဆင့် NUG ကိုယ်စားလှယ်များအကြားခွဲ ဝေယူကြသည်။

အာဏာသိမ်းမှုမတိုင်ခင်က ငါးလုပ်ငန်းအခွန်ကို လိုင်စင်အရေအတွက်အတိအကျဖြင့် လုပ်ငန်း လိုင်စင်ကျေး ကိုကောက်ခံပြီး၊ လုပ်ငန်းများမှ လိုင်စင်တစ်ခုစီအတွက် ဈေးပြိုင်ပေးကြရသည်။ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က လေလံစနစ်ကိုအကောင်အထည်ဖော်ရန် စီစဉ်သော်လည်း ဒေသခံများနှင့် ငါးဖမ်းလုပ်ငန်းများက မသေချာမရေရာသည့် ဤအခြေအနေတွင် ဈေးပြိုင်လေ လံစနစ်ကိုဆန့်ကျင်ကြသည်။ ထိုအစား လက်တွေ့ကျသောအဖြေမှာ လိုင်စင်ကြေးကို အာဏာမ သိမ်းမီကလိုင်စင်ကြေး၏ ၅၀% သတ်မှတ်သည်။[၄] အချို့သောကျေးရွာကာကွယ်ရေးတပ်များက ငါးလုပ်ငန်းလိုင်စင်ကြေးကို လုပ်ငန်းရှင်များက မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးကိုပေးရမည်ကို သဘောမတူကြပေ၊ အကြောင်းရင်းတစ်ခုမှာ ရငွေ ခွဲဝေခြင်းအပေါ်စိုးရိမ်မကင်းသောကြောင့် ဖြစ်သည်။ အဆုံးတွင်ကျန်ရှိသော ငါးလုပ်ငန်းလိုင်စင် ၂၀ ကို ဒေသခံကာကွယ်ရေးတပ်များကဦး ဆောင်သည့် ဒေသတွင်းအစီအစဉ်ဖြင့် ရောင်းချပြီး၊ ဈေးနှုန်းမှာ အာဏာမသိမ်းမီနှုန်း၏ ၅၀% နှင့် ညီမျှကာ မြို့နယ်အဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့သတ်မှတ်သည့်ဈေးနှုန်းထက်များစွာနည်း သောနှုန်းထား ဖြစ်သည်။

အချို့အခြေအနေများတွင်၊ ဒေသခံလုပ်ငန်းရှင်များက မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးက သတ်မှတ် သောကြေးကို ပေးရန် ငြင်းဆန်ကြသည်။ ဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးကပြော သည်မှာ ဒေသခံပြည်သူများက တော်လှန်ရေးစကတည်းကပင် ထည့်ဝင်လှူဒါန်းခဲ့ကြပြီး၊ ဒေသခံများက ပေးရန်ဆန္ဒမရှိလျှင် အခွန်ကောက်ခံရန်အကြောင်းမရှိဟုမြင်ကြသည်။ ဒေသခံကာ ကွယ်ရေးတပ်က မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ အခွန်ကောက်ခံမှုစနစ်ကို လက်ခံသော ရွာ တစ်ရွာတွင်၊ သူ၏ငါးလုပ်ငန်းလိုင်စင်ကို ၁၅ နှစ်သက်တမ်းတိုးခဲ့သော အကြီးဆုံးငါးလုပ်ငန်းသ မားများထဲမှလုပ်ငန်းရှင်တစ်ဦးက မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ထံမှ ငါးဖမ်းလုပ်ငန်းလိုင်စင် ရယူရန် ငြင်းဆန်ခဲ့ပြီး ၎င်း၏လုပ်ငန်းကိုရပ်ပစ်ခဲ့သည်။ သူကပြောသည်မှာ

> “ကျွန်တော်တို့က ဟိုးအစကတည်းက တော်လှန်ရေးမှာ ပါဝင်လှူဒါန်းခဲ့တာ၊ ကျွန်တော်တို့ (ငါးလုပ်ငန်းသမားများ)ဆီက အခွန်ကောက်ဖို့လုပ်တာတော့ မတရားဘူး။ အစကတော့ သူတို့ဒီ ငွေတွေကိုဘယ်လိုအသုံးချလဲမသိခဲ့ဘူး။ တလောကကြားတာတော့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ကျန်းမာရေးနဲ့ပညာရေးမှာသုံးနေတယ်ကြားတယ်။ အဲ့လိုဆိုရင်တော့မဆိုးပါဘူး။”

ကျေးရွာနှင့်မြို့နယ်အဆင့်တာဝန်ရှိသူများအကြားရှိတင်းမာမှုနှင့်၊ရှုံဖန်ရံခါဖြစ်တတ်သည့်ဥပမာများဖြစ်သည့် NUG ၏ ကျေးရွာနှင့်မြို့နယ်အဆင့် ဒေသကာကွယ်ရေးတပ်များ၏ ဈေးအပြိုင် လျှော့ ပေးပြီးခွင့်ပြုသည့် လိုင်စင်သဘောတူညီချက်ဖြစ်စဉ်များကမီးမောင်းထိုးပြနေသည်မှာ ရငွေခွဲဝေရာ၌ ရှင်းလင်းသည့် ဖွဲ့စည်းပုံရှိရန်နှင့် တော်လှန်ရေးအင်အားစု အဆင့်ဆင့် ကြား၌ ညှိနှိုင်းဆောင်ရွက်မှုရှိရန် လိုအပ်နေသည့်အချက်ပင်ဖြစ်သည်။ ငါးလုပ်ငန်းလိုင်စင် ဥပမာက အသုံးပြုသူနှင့် လိုင်စင်ကြေးကြားရှိ ကွဲပြားခြားနားမှုကိုပြနေသည် (ဤကိစ္စကို လုပ်ထုံးလုပ်နည်းအရ ဖယ်ရှား၍ရနိုင်သော်လည်း စီးပွါးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းမှုကိုထိခိုက်သွားနိုင်သည်)။ ထို့ပြင် လူမှုကူညီရေးအဖွဲ့များကို ကြွယ်ဝမှု နှင့် လူမှုတာဝန်များနှင့် ယှဉ်တွဲနေသည့် ကျင့်ဝတ်ခလေ့များကို ရပ်ရွာအတွက်ဖြည့်ဆည်းပေးသည့်နည်းဖြင့် ကူညီရန်လည်း ကြီးကြီးမားမားလိုအပ်နေကြောင်း ပြသနေပေသည်။

NUG ၏မြို့နယ်ကိုယ်စားလှယ်များအပါအဝင်ဖြစ်သော မြို့နယ်တော်လှန်ရေးအင်အားစုများပါဝင် နေသာ အခန်းကဏ္ဍတစ်ခုမှာ နစက ၏မီးရှို့ဖျက်ဆီးခြင်းကြောင့် ပိုင်ဆိုင်မှုများနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးရသည့် နေရပ်စွန့်ခွာပြည်သူများကို နှစ်နာကြေးထောက်ပံ့ပေးခြင်းဖြစ်ပြီး၊ အခွန်ကောက်ခံခြင်းနှင့် လိုင်စင်ချပေးခြင်းတို့မှ ရရှိသည့် ငွေအားပြန်လည်ခွဲဝေပေးခြင်းလည်းပါဝင် သည်။ စစ်ကိုင်းတိုင်းကျေးရွာတစ်ရွာမှ ဖြေဆိုသူတစ်ဦးက သစ်လုပ်ငန်းနှင့်ငါးလုပ်ငန်းမှ မြို့နယ် အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးကိုယ်စားလှယ်များက ကောက်ယူ

၄ အာဏာမသိမ်းမီက ဤဒေသရှိငါးလုပ်ငန်းလိုင်စဉ်ကို ငါးနှစ်စာပျမ်းမျှဈေးကို ကြမ်းခင်းဈေးအဖြစ်သတ်မှတ်၍ လေလံစနစ်ဖြင့် ရောင်းချသည်။ အာဏာသိမ်းပြီးကာလတွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အရာရှိများနှင့် ဒေသခံငါလုပ်ငန်းသမားများက လိုင်စင်သက်တမ်းတိုးကြေးကို အာဏာမသိမ်းမီကဈေး၏ ၅၀ရာခိုင်နှုန်းသတ်မှတ်သင့်ကြောင်းသဘောတူကြသည်။

ထားသောရငွေတစ်စိတ်တစ်ပိုင်း ဖြင့်ထောက်ပံထားသော ထို(နစ်နာကြေးပေးသည့်)အစီအစဉ်၏လည်ပတ်ပုံကိုပြောပြသည်မှာ-

"မီးရှို့ခံရတဲ့ရွာက မိသားစုတွေကို NUG က (၇,၅၀၀) ကျပ်ထောက်ပံ့ပါတယ်။ ကျွန်တော်တို့ကတော့ တခြားကိုပြောင်းရွှေ့သွားတဲ့ ကျွန်တော်တို့ရွာသားတွေရဲ့ ထောက်ပံ့မှုနဲ့ တစ်အိမ်ထောင်ကို ၈၅,၀၀၀ ကျပ် ရရှိပါတယ်။ အိမ်ပျက်စီးမှုကိုကြည့်ပြီးတော့ အမျိုးအစား (၃) မျိုး ပြန်ခွဲပြီးတော့ ငွေပမာဏကိုလဲ ၃မျိုးခွဲလိုက်တယ်။ အပျက်အစီးအများဆုံး(၈၉) အိမ်ကို တစ်အိမ် ၈၅,၀၀၀၊ သိပ်မပျက်စီးရင် ၄၀,၀၀၀ - ၅၀,၀၀၀၊ အပျက်အစီးအနည်းဆုံးကို တစ်အိမ် ၁၅,၀၀၀-၂၀,၀၀၀ နှုန်းထောက်ပံ့ပေးတယ်။ ကျွန်တော်တို့က အင်တာနက်မရဘူး။ ကျွန်တော်တို့ရွာက အင်တာနက်ရတဲ့သူက မန္တလေးမှာရှိတယ်။ သူနဲ့ တခြားရွာကအင်တာနက်ရတဲ့သူတွေပေါင်းအလှူခံပြီး ဒီကိုပြန်လာပြီးလှူတာ။"

## ချင်းပြည်နယ်

ချင်းပြည်နယ်၏ သဘောသဘာဝမှာ စစ်ကိုင်းတိုင်းနှင့်ရခိုင်ပြည်နယ်တို့နှင့်ကွဲပြားသည်။ ချင်းပြည်နယ်သည် ပြည်ပရောက်နေသူများ ငွေကြေးထောက်ပံ့မှုကို ကြီးမားစွာအားပြုနေရပြီး၊ ကုန်တိုက်ရိုက်ဖလှယ်သည့် စီးပွားရေးပုံစံသို့ ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲသွားသည်။ ချင်းပြည်နယ် တွင် သဘာဝသယံဇာတ ရရှိနိုင်မှု နည်းပါးသည့် အခြေအနေတွင်၊ စစ်ကိုင်းတိုင်းနှင့်ရခိုင်ပြည်နယ်ရှိ တော်လှန်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်သူများဆောင်ရွက်သကဲ့သို့ စစ်ဆေးရေးဂိတ်များတွင် တန်ဖိုး မြင့်ပစ္စည်းများကို အခွန်ကောက်သည့်ပုံစံကို အနည်းငယ်မျှသော ချင်းကာကွယ်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်သူများကသာလုပ်ဆောင်နိုင်သည်။ စီးပွားရေးလုပ်ငန်းများသို့မဟုတ် ပစ္စည်းများ(စစ်ကိုင်းတိုင်းတွင်အခွန်ကောက်သည့် သစ်မာနှင့် ငါးလုပ်ငန်းလိုင်စင်) အပေါ်အခွန်ကောက်မည့်အစား (ရခိုင်ပြည်နယ်တွင်တိုးမြှင့်လုပ်ဆောင်နေသည်) ချင်းကာကွယ်ရေး တပ်များနှင့်အုပ်ချုပ်သူများ၊ ရပ်ရွာပြည်သူများက ဒေသတွင်းစည်းပွားရေးအကြပ်အတည်းကို လျော့ပါးသက်သာစေရန် စုပေါင်းဆောင်ရွက်နေကြရပြီး၊ ပုံ (၃) တွင်ပြထားသည့်အတိုင်း ဒေသခံ လက်နက်ကိုင်အဖွဲ့များကို ထောက်ပံ့နေကြရသည်။

ပထမတစ်ချက်အနေဖြင့်၊ ကာကွယ်ရေးတပ်ဖွဲ့များအတွက် ဖူလုံရုံမျှထောက်ပံ့နိုင်ရန်၊ တော်လှန်ရေး တာဝန်ရှိသူများသည် ကျေးရွာတစ်ရွာချင်းစီနှင့်ညှိနှိုင်းကာ၊ ရွာ၏အခြေအနေနှင့် မူလရှိနှင့်ပြီး အထူး ပြုအခြေအနေများ(ဖြစ်စဉ် ၁ ကိုကြည့်ပါ) ပေါ်မူတည်၍ မည်သည့်သီးနှံများကိုစိုက်မည်၊ မည်သည့် ပစ္စည်းသို့မဟုတ် ကုန်စည်များထောက်ပံ့ရမည်ကိုတိုင်ပင်သည်။ ထို့ပြင် ဒေသခံ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ ဒေသခံတောင်သူများကပေးရန် ခွဲတမ်းသတ်မှတ်ပေးသည်၊ သို့မဟုတ် ဒေသခံများ၏ စုပေါင်းပါဝင်မှုဖြင့် တော်လှန်ရေးအဖွဲ့များကို ပစ္စည်းပစ္စယထောက်ပံ့ရန် တာဝန်ယူပေးသည်။ ဥပမာဆိုရသော် သတ်မှတ်ထားသော ခွဲတမ်းကိုအခြေခံ၍ အာလူးစိုက် တောင်သူများက တော်လှန်ရေးအဖွဲ့များအတွက် ၎င်းတို့၏အာလူးစိုက်ခင်းမှ အစိတ်အပိုင်း တစ်ပိုင်း ကိုထည့်ဝင်ရန်တာဝန်ရှိသည်။ တစ်ဦးချင်းစီခွဲတမ်းအပြင်၊ ချင်းပြည်နယ်တွင် တော်လှန်ရေးအဖွဲ့များအတွက်သီးသန့် ရည်ရွယ် သတ်မှတ်ပေးထားသော စိုက်ခင်းများ ရှိကြောင်း ဖြေဆိုသူတစ်ဦးကပြောပြသည်။ ချင်းပြည်နယ်တောင်ပိုင်းရှိရွာတစ်ရွာတွင် ဒေသခံကာကွယ်ရေး တပ်ဖွဲ့များအတွက် "စားနပ်ရိက္ခာ၊ အသက်မွေးဝမ်းကျောင်းနှင့် စိုက်ပျိုးရေးကော်မတီ"(ဖြစ်စဉ် (၁) ကိုကြည့်ပါ) ၏ နည်းပညာဆိုင်ရာ ကြီးကြပ်မှုဖြင့် အာလူး ဧက (၂၀) ကို ရပ်ရွာမှစိုက်ပျိုးပေးထားသည်။ ထိုနည်းတူစွာပင် ဝန်ဆောင်မှုများဆောင်ရွက်ပေးနေသည့် ကျန်းမာရေးနှင့် ပညာရေးသမားများနှင့် ချင်းပြည်နယ်ရှိ ဒေသခံရပ်ရွာများမှ နေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့ပေးနေသည့် ပစ္စည်းပစ္စယ ထောက်ပံ့မှုပုံစံနှင့် ရပ်ရွာအစီအစဉ်များကိုလည်း လေ့လာတွေ့ရှိရသည်။




ပုံ ၃ - ချင်းပြည်နယ်တွင် တော်လှန်ရေးအင်အားစုများ၏ ဘဏ္ဍာငွေ ရှာဖွေသည့်ပုံစံ

ဒုတိယအချက်အနေဖြင့်၊ခရစ်ယာန်ဘာသာဝင်အများစုရှိသည့်ချင်းပြည်နယ်တွင်၊ ရပ်ရွာပြည်သူများ သည် ဘုရားကျောင်းသို့ပေးသွင်းရသည့် ဆယ်ဖို့တစ်ဖို့ အလှူကို ယခုအခါ ဒေသခံကာကွယ်ရေးတပ်များသို့ အစားထိုးထောက်ပံ့နေကြသည်။ ဥပမာအားဖြင့် မိသားစုအတော်များများသည် မချက်ပြုတ်မီ ဖယ်ထားသော ဆန်လက်တစ်ဆုပ်စာကို ဒေသကာကွယ်ရေးတပ်ဖွဲ့များအတွက် သိုလှောင်ထားသော ရိက္ခာတစ်စိတ် တစ်ပိုင်းအဖြစ် သတ်မှတ်သိမ်းဆည်းပေးထားကြသည်။ ထို့ပြင် ဘုရားကျောင်းများကလည်း အသင်းသားများ ကို ဆယ်ဖို့တစ်ဖို့အလှူကို ချင်းကာကွယ်ရေးတပ်ဖွဲ့ (CDF) ကဲ့သို့သော ကာကွယ်ရေးတပ်ဖွဲ့များထံ လှူဒါန်း ရန် အားပေးတိုက်တွန်းလျက်ရှိသည်။ စာသင်ကျောင်းများနှင့် အခြေခံ လူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် ဘုံပိုင်ရင်းမြစ်များစုဆောင်းထားမှုနှင့်အတူ၊ ဆယ်ဖို့ တစ်ဖို့ အလှူနှင့် ဒေသခံတော်လှန်ရေးအင်အားစုများ အတွက် တိုးချဲ့စိုက်ပျိုးခြင်း အလေ့အထများက ရောင်ပြန်ဟပ်နေသည်မှာ ကာလလတ်အဆင့် အာဏာရှင် တော်လှန်ရေး ပြောက်ကျားစစ်ကို အားဖြည့်ပေးနေသည့် အရွေ့တစ်ခုပင်ဖြစ်သည်။

မျက်မှောက်အခြေအနေတွင်၊ ပြပရောက်သူများ၏ အထောက်အပံ့သည် ချင်းကာကွယ်ရေးတပ်ဖွဲ့၊ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်မတော် တို့၏ အဖွဲ့ခွဲအသီးသီးသို့ပြန့်နှံ့ရောက်ရှိနေ ပြီဖြစ်သည်။ မ ကြာသေးမီလများအတွင်းတွင် ပြည်ပရောက်သူများ၏ ကူညီထောက်ပံ့ရေးကွန်ယက်များမှ ထောက်ပံ့မှုများ/ အရင်းအမြစ်များကို ပိုမိုထိရောက်စွာမျှဝေသုံးစွဲနိုင်ရန်အတွက် ချင်းကာကွယ်ရေးတပ်ဖွဲ့ (CDF)များအကြား ပိုမိုအားကောင်းသော ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းလာရေးနှင့် ပြည်နယ်အဆင့် ယန္တရားတစ် ခုပေါ်ထွန်းလာရေးအတွက် တောင်းဆိုလာကြသည်။ယင်းတောင်းဆိုမှုမှာ ရှေ့တွက်ဆက်လက်ဖြစ်ပေါ်လာ မည့် ချင်းပြည်နယ်အတွင်း စီမံအုပ်ချုပ်မှု နှင့် ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာ ကိစ္စရပ်များအပေါ် များစွာ သက်ရောက်မှုရှိစေလိမ့်မည်ဖြစ်သည်။

# အပိုင်း (၄)

## အနာဂတ်အလားအလာနှင့် နိဂုံး

အာဏာသိမ်းမှုနှင့်ယင်း၏ နောက်ဆက်တွဲဆိုးပြစ်များသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းမှုကို ကစဥ့်ကလျားဖြစ်စေခဲ့သည်။ အရေးကြီးလျှင်သွေးနီးမှုကို ကြီးမားစွာအခြေခံသော (အတိုင်းအတာတစ်ခုအထိ အပြန်အလှန်နားလည်မှုသို့မဟုတ်၊ တော်လှန်ရေးအင်အားစုများနှင့် ၎င်းတို့၏အုပ်ချုပ်ရေးတို့ထံမှ တိုက်ရိုက်အထောက် အကူများအားဖြင့်) အပြန်အလှန်အမှီသဟဲပြုမှု ဓလေ့နှင့် စနစ်ကိုလည်းပေါ်ထွက်အားကောင်း လာစေခဲ့သည်။ စားနပ်ရိက္ခာမဖူလုံ မှုကိုကိုင်တွယ် ဖြေရှင်းပေးနေသည့်၊ ကျောင်းများဖွင့်လှစ်ပေးနေသည့်၊ နေရပ်စွန့်ပြည်သူများကို ကူညီ ထောက်ပံ့ပေးနေသည့် လက်နက်ကိုင်တော်လှန်ရေး လူမှုအခင်းအကျင်းပုံသဏ္ဍာန်များသည် ရှေ့ဆက်နေသော အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုအတွင်းမှ ပေါ်ထွန်းလာခဲ့ပြီ။

စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၏ အကြောင်းအရာ နောက်ခံ (၃) ခုပေါ်တွင် နစက၏ ရပ်ရွာများအပေါ် အစုလိုက်၊ အပြုံလိုက် အပြစ်ပေးသည့် ဖြတ်လေးဖြတ်ဗျူဟာဖြင့် တော်လှန်ရေးအပေါ် နှိပ်ကွပ်မှုသည် ၎င်းတို့လိုလားသည့်ရလဒ်နှင့် ပြောင်းပြန်အကျိုးဆက်ကိုရင်ဆိုင်နေရကြောင်း ရှင်းလင်းပြတ်သား နေပေပြီ။ ကုန်စျေးနှုန်းများမိုးထိုးတက်သွားခြင်း၊ စိတ်ထင်သလိုတောင်းသည့် နစက စစ်ဆေးရေးဂိတ်များ၊ မြေပြင်တိုက်ခိုက်မှုနှင့် ဝေဟင်မှဗုံးကြဲမှု တို့ကြောင့် မိသားစုအများမှာလည်း ကြောက်မက်ဖွယ်အစာရေစာရှားပါးမှုနှင့် အထပ်ထပ်အခါခါ နေရပ်စွန့်ခွာရမှုတို့ကို ဒိဋ္ဌကြုံတွေ့နေကြရသည်။ ဤစာတမ်းတွင် လေ့လာထားသော ဒေသများ၏အခြေအနေမှာမူ၊ ဤသို့သောအခြေအနေ၏ ဆိုးရွားပြင်းထန်လှသော အကျိုးဆက်များသည် လူ့အဖွဲ့အစည်းရှင်သန်မှုကို ပြန်လည်တည်ဆောက်ရန်အတွက် ရပ်ရွာပြည်သူများနှင့် တော်လှန်ရေးအင်အားစုများ၏ ဖန်တီးနိုင်စွမ်းနှင့် စိတ်ခတ်ကြံ့ခိုင်မှုကို ပိုမိုနက်ရှိုင်းလာစေရုံသာ တတ်နိုင်လေသည်။ ထိုသို့ပြန်လည်တည်ဆောက်ရာတွင် ဒီမိုကရေစီပိုမိုပြည့်ဝသော အနာဂတ်အတွက် ကျယ်ပြန့်သော တွန်းလှန်မှုကို အားဖြည့်မောင်းနှင်နိုင်မည့် ကြံ့ကြံ့ခံနိုင်သော လူမှုအခင်းအကျင်း တစ်ရပ်အသေအချာပေါ်လာစေဖို့ ကြိုးပမ်းရန်ပင်ဖြစ်သည်။

နောက်ခံအခြေအနေအအမျိုးမျိုးမှ တော်လှန်ရေးအင်အားစုများနှင့် အုပ်ချုပ်သူများသည် ၎င်းတို့၏ လက်နက်ကိုင်လှုပ်ရှားမှုကို အားဖြည့်ရန်အတွက် ရန်ပုံငွေနှင့် ရင်းမြစ်များ ရယူနိုင်မည့် နည်းလမ်း များကို ရှာဖွေနေကြပြီး အုပ်စိုးသည့်ဘက်မှမဟုတ်သည့် အောက်ခြေတော်လှန်ရေးသမားများက ဆောင်ရွက်နေသည့်လူမှုလုပ်ငန်းများအတွက်ပံ့ပိုးပေးနေကြသည်။ ယင်းအခွန်(ရန်ပုံငွေနှင့် ရင်းမြစ်များ) များသည် ယာဉ်များနှင့် ကုန်စည်များအပေါ်ကောက်ခံသည့် နစက၏ ဆိုးရွားသော စစ် ဆေးရေးဂိတ်များမှ အခွန်ကောက်ခံပုံနှင့် ကွဲပြားပါသည်။ နစက၏ အခွန်ကောက်ခံပုံသည် အခြေခံသွင်းအားစုများ၏ စျေးနှုန်းကိုတက်သွားစေပြီး စိုက်ပျိုးရေးကုန်များကို စျေးကွက် ပျက်ပြားသွားစေပါသည်။ တော်လှန်ရေးအင်အားစုများကမူ တဖက်တွင် လက်နက်ကိုင်ကြိုးပမ်းမှုနှင့် လူမှုစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအတွက် မိသားစုများ၏ စေတနာ အလျောက်ထည့်ဝင်လှုဒါန်းမှုများကို မှီခိုသည်ဆိုရုံမျှသာမှီခိုပြီး၊ တန်ဖိုးမြင့် ပစ္စည်းများအပေါ် ကောက်ခံသည့်ရငွေအပေါ်သာ အဓိကအာရုံထားလုပ်ဆောင်နေကြသည်။ ဥပမာအားဖြင့် စစ်ကိုင်း တိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် အာဏာမသိမ်းမီကတည်းကရှိခဲ့သော မူဘောင်များ အတိုင်း သို့မဟုတ် မြို့နယ်အဆင့် NUG အုပ်ချုပ်ရေးပိုင်းမှ သတ်မှတ်သည့်လမ်းညွှန်များအတိုင်း သစ်လုပ်ငန်းနှင့်ငါးလုပ်ငန်းတို့အပေါ်ကောက်ခံနေသည်။ ချင်းပြည်နယ်တွင် တော်လှန်ရေးအင်အား စုများ၏ တော်လှန်ရေးနှင့် လူမှုစီမံအုပ်ချုပ်ရေးကြိုးပမ်းမှုကို ထောက်ပံ့ရန်အတွက် မိသားစုများက၎င်းတို့၏ ရင်းမြစ်များ(ငွေသို့မဟုတ်ပစ္စည်း) မှ ၁၀% ကိုထည့်ဝင်ရသည့် ဆယ်ဖို့တစ်ဖို့အလှူဓလေ့ကို တော်လှန်ရေးအတွက်ဦးတည် လုပ်ဆောင်ကြသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်အမျိုးသားအဖွဲ့ချုပ်အုပ်ချုပ်ရေးမှူးများက နစကအရာရှိများနှင့် မတည့်အတူနေသ ဘောမဟာမိတ်ဖွဲ့ကာ နစက၏ ကာလတိုအတွင်းကောက်ခံရရှိသည့် စည်ပင်ခွန်များမှရငွေများကို ခွဲဝေယူနိုင်ခဲ့သည်။ လတ်တလောတွင် ULA သည် စီးပွားရေးလုပ်ငန်းများ၊ ပစ္စည်းများနှင့် ကုန်စည်များအပေါ်စည်းကြပ်မည့် ၎င်းတို့၏ ကိုယ်ပိုင်အခွန်စနစ်ကို ဖော်ဆောင်နေပြီဖြစ်သည်။ ယင်းစနစ်သည် ရခိုင့်တပ်တော်ကို တိုက်ရိုက်ထောက်ပံ့နေသည့် မိသားစုများမှထည့်ဝင်သော မျိုးချစ်ရန်ပုံငွေနှင့် တွဲဖက်ရန်အတွက်ဖြစ်သည်။

တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စ ဤအခွန်များ ပေးကမ်းမှုများနှင့်အတူ အပြိုင်လည်ပတ်နေသည့် အခြေအနေများမှာ၊ အပြန်အလှန်အမှီသဟဲပြုကူညီမှု ယန္တယားသို့ထည့် ဝင်သည့်ထည့်ဝင်မှုများဖြစ်သည်။ အပြိုင်လည်ပတ်နေသော နောက်အခြေအနေတစ်ရပ်မှာ ကျောင်းများ၊ရေပေးဝေမှုစနစ်များစသည့် ရပ်ရွာ အခြေခံအဆောက်အဦများ (တည်ထောင်ရေး)နှင့် နေရပ်စွန့်ခွါရမှုနှင့် စားနပ်ရိက္ခာမဖူလုံမှုတို့ကို ကိုင်တွယ်ဖြေ ရှင်းရန်အတွက် ဘေးအန္တရာယ်ကိုမျှဝေ ခံစားခြင်း(အေးအတူပူအမျှ) ဓလေ့ပင်ဖြစ်သည်။

ဤသို့သောအခြေအနေ၌ ဗဟိုချုပ်ကိုင်မှုပိုကဲသည့် အုပ်ချုပ်မှုယန္တယားကို ငွေကြေးထောက်ပံ့ရန် ရည်ရွယ်သည့် NUG ၏ ရံပုံငွေရှာဖွေမည့် လာလတ္တံ့သော ကြိုးပမ်းအားထုတ်မှုများသည် ဒေသအခြေပြု လက်တွေ့အနေထားများအပေါ်နှင့် မိသားစုများရင်ဆိုင်နေကြရသောရှုပ်ထွေးမှုပြဿနာအပေါ် သတိကြီး စွာထား၍လုပ်ဆောင်ရ မည်ဖြစ်သည်။ ဒေသခံတပ်ဖွဲ့များ၊ အုပ်ချုပ်သူများနှင့် ရပ်ရွာလူ့အဖွဲ့အစည်း၏ ရှေ့မှောက်ရှိ ရင်းမြစ်များကို ဒေသအခြေပြုကိစ္စရပ်များအတွက် အသုံးပြုနိုင်ခွင့်အခွင့်အရေးကို အသိအမှတ်ပြု ရမည်ဖြစ်ပြီး စစ်ရေးကာလလူမှုအခင်းအကျင်းကို အားဖြည့်နိုင်ရန် ၎င်းတို့၏ပဓာနကျမှုကိုလည်း အားပေး အားမြှောက်ပြုရမည်ဖြစ်သည်။ NUG ကိုယ်စားလှယ်များ၏ မြို့နယ်နှင့်ယင်း၏အောက်အဆင့် အခွန်ကောက် ခံမှုတွင် ပါဝင်ပတ်သက်ရန် အားထုတ်မှုများကို အထူးဂရုပြုကိုင်တွယ်သင့်လှသည်။ အခွန်သို့မဟုတ် လိုင်စင် ကြေးတို့ကိုစည်းကြပ်ရန် ဆုံးဖြတ်ရာတွင်လည်း ဒေသခံတပ်များ၊ အရပ်ဖက်တာဝန်ရှိသူများနှင့်ညှိနှိုင်း ဆောင်ရွက်သင့်ပြီး ကျေးရွာများနှင့် မြို့နယ်အပြင်ဘက်အဆင့် တွင် နစကဲ၏ ဖြတ်လေးဖြတ်ဗျူဟာနှင့် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ကြောက်မက်ဖွယ် လူမှုရေးနှင့် လူသားခြင်းစာနာမှုဆိုင်ရာအကြပ် အတည်းများကို တန်ပြန် နေသည့် ရှေ့တန်းမှ လူမှုကူညီရေးလုပ်ဆောင်နေသူများနှင့်အတူ ရံပုံငွေများကိုခွဲဝေ အသုံးပြုသင့်ပါသည်။

ဒေသအခြေပြုစနစ်များနှင့် ပါဝင်လုပ်ဆောင်နေသူများသည် လတ်တလောတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့များဆီမှ အထောက်အပံ့များကို အကန့်အသတ်ဖြင့်သာရရှိနေမှုက NUG အတွက် အ ရေးပါသောမေးခွန်း များကိုပေါ်ထွက်လာစေပါသည်။ ၎င်းအခြေအနေက လိုအပ်လျက်ရှိသော လူမှုဝန်ဆောင်မှုလုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန် စေ့စပ်ဆွေးနွေးလုပ်ဆောင်ရမည့် တိကျရှင်းလင်းသည့် အခွင့်အခါများကိုမီးမောင်း ထိုးပြနေပါသည်။ ပထမစာတမ်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း NUG အနေဖြင့် မြန်မာ့အာဏာသိမ်းမှုအလွန် ဗန္ဓာတ်(ထွေးရောယှက်တင်) အုပ်ချုပ်မှု အခင်းအကျင်းတွင် ၎င်းပါဝင်ရမည့်အခန်းကဏ္ဍကို သတိကြီးကြီးဖြင့် သတ်မှတ်ရန် ကြိုးစားရမည်ဖြစ်သည်။ မြို့နယ်အဆင့် NUG အုပ်ချုပ်သူများနှင့် ဒေသခံအုပ်ချုပ်သူ၊ ပြည်သူ့ ကာ ကွယ်ရေးတပ်ဖွဲ့များအကြားသစ်လုပ်ငန်းနှင့် ငါးလုပ်ငန်းအပေါ်အခွန်စည်းကြပ်ရန်ကိစ္စ၊ ရံပုံငွေခွဲဝေ ခြင်း ကိစ္စတို့နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်ခဲ့သော တင်းမာမှုများသည် ဒေသခံများ၏ NUG အပေါ် ယုံကြည်မှုကို ထိခိုက် နိုင်ပြီး၊ ဒေသအခြေပြုအဆင့်နှင့် နိုင်ငံအဆင့် စည်းလုံးညီညွတ်သည့် တော်လှန်ရေးအခြေအနေကို ထိန်းသိမ်း နိုင်ရန် အရေးကြီးသည့် ဆက်ဆံရေးကို ပျက်ပြားစေမည့် စွန့်စားမှုမျိုးကိုလုပ်ဆောင်နေသည်မှာထင်ရှား ပေါ်လွင်နေပါသည်။

NUG ၏ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖက်ဒရယ် အနာဂတ်အတွက် မူဘောင်တစ်ရပ်ကို ဖော်ထုတ်နေသည့်အားလျော်စွာ၊ နိုင်ငံအစိတ်အပိုင်း အတော်များ များရှိ အောက်ခြေရှိဗန္ဓာတ်အုပ်ချုပ်ရေး အခြေအနေမှန်ကပြသနေသည့် လက်ငင်း အခွင့်အလမ်းတစ်ခု မှာ ပြည်နယ်/တိုင်းအဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်နိုင်မည့်ချဉ်းကပ်မှုများနှင့် မူများကို စတင် ဖော်ထုတ်ပြဋ္ဌာန်းရေးဖြစ်ပါသည်။ အထက်အဆင့်အာဏာပိုင်မှ ဒေသအဆင့်ဆောင်ရွက်သူများသို့ တင်းကျပ် သည့်အုပ်ချုပ်မှု အမိန့်ညွှန်ကြားချက်များကို အောက်အဆင့်သို့ ထုတ်ဆင့်သည့်အထက်အောက် နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်ပုံအစား ပိုမိုလက်တွေ့ကျသည့် ဒီမိုကရက်တစ် လူမှုသဘောတူညီချက် ပုံစံကို အသိအမှတ်ပြုပြီး အောက်ခြေအဆင့်ရှန်းကန်လှုပ်ရှားမှုကို အားဖြစ်စေသည့် ဘေးတိုက်(အထက်အောက် မဟုတ်)သွေးစည်းညီညွတ်မှုနှင့် လူမှုစနစ်မျိုးကို အားပေးရန်ဖြစ်သည်။ NUG သည် ဒေသအဆင့်နှင့် နိုင်ငံ

အဆင့် တော်လှန်ရေးဆောင်ရွက်နေသူများအား အကူအညီကြီးကြပ်ထိန်းညှိမှုနှင့် ဗျူဟာဆိုင်ရာအမြင်များကို မည်သို့မည်ပုံထောက်ပံ့ရမည်ကို စိစစ်ရန်ကြိုးစားနေသည်ဖြစ်ရာ၊ မျှဝေခံစားသည့်အကျိုးစီးပွားဆိုင်ရာမျှော်မှန်းချက်များ (ဘုံအကျိုးစီးပွား)ကို ရရှိနိုင်ရန် အဆင့်မြင့်တာဝန်ရှိသူများသည် ၎င်းတို့ကိုယ်ကို ကဏ္ဍအလိုက်သို့မဟုတ် ဒေသအဆင့်အလိုက် အထူးပြု ကျွမ်းကျင်ကာ အထောက်အကူပြုနိုင်သူအဖြစ်ရှုမြင်လုပ်ဆောင်သည့် “စနစ်ကိုကြီးကြပ်ကွပ်ကဲသည့်” (System Stewardship) ပုံစံသည် NUG ကို အထောက်အကူပေးနိုင်ပေသည်။[၅]

NUG အတွက် ဖြစ်နိုင်ချေရှိသည့် ထိရောက်သော အခန်းကဏ္ဍတစ်ခုမှာ တိုက်နယ်အဆင့်တွင် ပြင်ပအထောက်အပံ့အနည်းငယ်မျှနှင့် ကြောက်မက်ဖွယ် လူသားခြင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို လတ်တလောဆောင်ရွက်နေသည့် ဒေသခံလူပ်ရှားသူများအတွက် လုံခြုံစိတ်ချရပြီး ခိုင်မာသည့်ရင်းမြစ်များရရှိနိုင်ရန် ကူညီပေးခြင်းပင်ဖြစ်သည်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့များအနေဖြင့်လည်း ၎င်းတို့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်နွယ်မှုများရှိနှင့်ပြီးသော တိုင်းရင်းသားဒေသရှိ အရပ်ဖက်အဖွဲ့များ နှင့် မြန်မာနိုင်ငံမှ အထောက်အပံ့ရှာဖွေရေးအဖွဲ့များအား စွမ်းရည်မြှင့်တင်ခြင်း၊ ကျောင်း၊ဆေးခန်းနှင့် စားနပ်ရိက္ခာဖူလုံရေး တို့အတွက် ရင်းမြစ်များပေးခြင်းလုပ်ငန်းများကို ထောက်ပံ့နိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် ကို တွန်းအား ပေးသင့်ပါသည်။

မြန်မာနှင့်နိုင်ငံတကာမိတ်ဖက်များအနေဖြင့် ဒေသအခြေအနေများနှင့်ကိုက်ညီသော နည်းလမ်း များအားဖြင့် လူမှုလုပ်ငန်းလုပ်ဆောင်နေသူများ၏ စွမ်းရည်မြှင့် တင်ရန်နှင့် ရင်းမြစ်များ ထောက်ပံ့နိုင်ရန် ဆန်းသစ်သည့် ကူညီထောက်ပံ့ရေးနည်းလမ်းများကိုရှာဖွေသင့်ပါသည်။ NUG အား အမိန့်ညွှန်ကြားမှုကဲသည့် သို့မဟုတ် လိုသည်ထက်ပိုပြီး ထိန်းချုပ်မှုပြုလုပ်ရသည့် အခန်းကဏ္ဍသို့ တွန်းမပို့သင့်ကြောင်းလည်း သတိချပ်သင့်ပေသည်။

တိုင်းရင်းသားလူမှုဝန်ဆောင်မှုဆောင်ရွက်သူများ(ပထမစာတမ်းကိုကြည့်ပါ)နှင့် ရှိနှင့်ပြီးသား မိတ်ဖက်ဆောင် ရွက်မှုများမှတဆင့်ဆောင်ရွက်သင့်ပြီး ရင်းမြစ်များကို ဦးတည်လူအုပ်စု (နေရပ်စွန့်ခွာသူများ)ထံသို့ အသေအချာထောက်ပံ့နိုင်ရန် အာမခံချက်ရှိရမည်။ NUG နှင့်ဆက်စပ်နေသည့် ပြည်သူ့ကာကွယ်ရေးတပ်များကိုကွပ်ကဲနေပြီး၊ အုပ်ချုပ်သူများနှင့်လည်း ညှိနှိုင်းဆောင်ရွက်နေသည့် KIA ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပါဝင်နေသည့် အခန်းကဏ္ဍရှိနှင့်ပြီးဖြစ်သည်။ သို့ဖြစ်ရာ ၎င်းတို့၏ တိုင်းရင်းသားအရပ်ဖက်အဖွဲ့များနှင့် ရှိနှင့်ပြီးသား ဘဏ္ဍာရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ဆက်နွယ်မှုများကိုတိုးချဲ့ဆောင်ရွက်၍ အပူပိုင်းဒေသ(အညာ)ကဲ့သို့သော တော်လှန်ရေးနယ်မြေသစ်များရှိ ကျောင်းများကို ထောက်ပံ့နိုင်ရန် ဆောင်ရွက်နိုင်ပါသည်။

ပို၍ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင်၊ အောက်ခြေအဆင့် လက်နက်ကိုင်တော်လှန်ရေး လူမှုအခင်း အကျင်းကို အားဖြည့်ပေးနိုင်သော ရပ်ရွာအဆင့်ရှိ အပြန်အလှန်အမှီသဟဲပြုခြင်း နက်ရှိုင်းလာမှုနှင့် ကုန်တိုက်ရိုက်ဖလှယ်သည့်အလေ့အထများသည် ဗဟိုအစိုးရ(စနစ်)အပေါ်ရှိနှင့်ပြီးသားသံသယနှင့် ကိုယ့်အားကိုယ်ကိုးရပ်တည်မှု အပေါ်စိတ်ညွတ်နှစ်ခြိုက်မှုတို့ကိုပိုမို နက်ရှိုင်းလာစေခဲ့သည်။ ထိုလက်တွေ့အခြေအနေများကို NUG အနေဖြင့် အသိအမှတ်ပြုရမည်ဖြစ်ပြီး ၎င်းအနေဖြင့် ဒီမိုကရက်တစ်တော်လှန်ရေး ၏အမှတ်သင်္ကေတအဖြစ် ထင်ဟပ်နေစေရန်ကြိုးပမ်းကာ မိတ်ဖက်များနှင့် လူမှုသဘောတူချက်တစ်ရပ်ကို ပျိုးထောင်နိုင်ရန် သတိရှိရှိကြိုးစားသင့်ပေသည်။ ကာလတိုနှင့်ကာလလတ်အတွင်း လူမှုစိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် လက်နက်ကိုင်ကြိုးပမ်းမှုကိုဦးဆောင်နေသည့် ဒေသခံလှုပ်ရှားသူများအားအထောက်အကူပေးရန်လည်း ဖြစ်သည်။

၎င်းအနေဖြင့် မြို့နယ်များနှင့်ရပ်ရွာများရှိလှုပ်ရှားဆောင်ရွက်သူများနှင့် ယုံကြည်မှုတည်ဆောက်ရန်

---

၅ Hallsworth, M. 2011. “System Stewardship: The future of policy making?”. Working Paper. Institute for Government. London.

လိုအပ်ပြီး ၎င်းတို့နှင့် ပေါင်းစပ်ညှိနိုင်းခြင်း၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ မျှဝေခြင်းတို့ကို ရှေးရှုသည့်/ အထောက်အကူပြုမည့် ယန္တယားကို ဖော်ဆောင်ခြင်းသည်လာမည့်လများနှစ်များအတွင်းတွင် အရေးပါနေပေလိမ့်မည် ဖြစ်ပြီး၊ ယင်းမှာ အနာဂတ်အဖွဲ့အစည်းတည်ဆောက်ရေး၏ အခြေခံကိုပုံဖော်ရာတွင်လည်း အရေးပါမည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ ဖက်ဒရယ်အနာဂတ်ကို ဖွင့်ဆိုသတ်မှတ်ရန်အတွက် လတ်တလောအားထုတ်မှုများသည် အာဏာသိမ်းစကတည်းက အမြစ်တွယ်ခိုင်မြဲနေပြီဖြစ်သောလူမှုအခင်းအကျင်းနှင့်ဒေသအခြေပြုအုပ်ချုပ်မှု ဆိုင်ရာအတွေးအခေါ်များ၊ ဖွဲ့စည်းတည်ဆောက်ပုံများကို(အထူးသဖြင့် ပြည်နယ်နှင့် တိုင်းများအကြားရှိမူကွဲများကို) အလေးအနက်ထည့်သွင်းစဉ်းစားရန်လိုပါလိမ့်မည်။